အသိပေးအကြောင်းကြားခြင်း- ဤနည်းဥပဒေများ မူကြမ်းအား ပြည်ထောင်စုအစိုးရ၏ လေ့လာသုံးသပ်နိုင်မှုနှင့် ခွင့်ပြုချက်အရ အများပြည်သူသိရှိစေနိုင်ရန် ထုတ်ပြန်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နည်းဥပဒေများ မူကြမ်းအား သင့်လျော်သလို ပြောင်းလဲ ပြင်ဆင်မှုများ ပြုလုပ်နိုင်သောကြောင့် မူကြမ်းအား အတည်မှတ်ယူခြင်း မပြုရ။ ဤနည်းဥပဒေ မူကြမ်း အစိတ်အပိုင်းသည် အဆိုပြုချက်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်းနှင့် အခြား လျှောက်ထားလွှာများအား စိစစ်ခြင်းတို့နှင့် အဓိကသက်ဆိုင်သည်။ နည်းဥပဒေမူကြမ်းတွင် နောက်ထပ်ပါဝင်မည့် ပြဋ္ဌာန်းချက်များအား မကြာမီတွင် ထုတ်ပြန်သွားပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်** -----------

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **လျှောက်ထားလွှာ** ဆိုသည်မှာ အဆိုပြုချက်၊ အတည်ပြုလျှောက်ထားလွှာ၊ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်လျှောက်ထားလွှာ၊ မြေအသုံးပြုခွင့်လျှောက်ထားလွှာ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာကို ဆိုသည်။

( ခ ) **ခွင့်ပြုချက်** ဆိုသည်မှာ (*မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်*) ခွင့်ပြုမိန့်၊ အတည်ပြုမိန့်၊ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်နှင့် မြေအသုံးပြုခွင့်ကို ဆိုသည်။

( ဂ ) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(ဃ) **အခွင့်အာဏာရှိသည့်အဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ သို့မဟုတ် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ တရားစီရင်ရေး သို့မဟုတ် အစိုးရဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ကော်မရှင်၊ ကော်မတီ၊ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းကိုဆိုသည်။

( င ) **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ သို့မဟုတ် ယင်းကိုပြင်ဆင်အစားထိုးသည့်ဥပဒေ သို့မဟုတ် ယင်းကိုဆက်ခံသည့်ဥပဒေအရ ထုတ်ပြန်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအမိန့်ကြော်ငြာစာအမှတ်(၆၁၆/၂၀၁၅) တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

( စ ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) သို့မဟုတ် ယင်းဥပဒေကို ဆက်ခံသော အလားတူဥပဒေကိုဆိုသည်။

(ဆ) **နိုင်ငံခြားကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

( ဇ ) HS Code ဆိုသည်မှာ ကမ္ဘာ့အကောက်အခွန်အဖွဲ့အစည်းက သတ်မှတ်ထားသည့် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ စည်းဝါးညီစနစ် သို့မဟုတ် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ စည်းဝါးညီအကောက်ခွန် ဇယားကို ဆိုသည်။

(ဈ) **အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(ည) **ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာ** ဆိုသည်မှာ နည်းဥပဒေ ၃၈ အရ ပြုလုပ်သည့် လျှောက်လွှာကိုဆိုသည်။

( ၎ ) **ISIC**(International Standard Industrial Classification) ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂစာရင်းအင်းဌာနက ရေးဆွဲသတ်မှတ်ထားပြီး အခါအားလျော်စွာ ပြန်လည်ပြင်ဆင်ထားသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်ကိုဆိုသည်။

(ဌ) **မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်** ဆိုသည်မှာ ဥပဒေပုဒ်မ ၅၀ အရ မြေ သို့မဟုတ် အဆောက်အအုံအား နှစ်ရှည် ငှားရမ်းခွင့်ပြုခြင်းကိုဆိုသည်။

(ဍ) **ဥပဒေဆိုသည်မှာ** မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၀) ကို ဆိုသည်။

(ဎ) **မြန်မာကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ပြီး မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီ မဟုတ်သော ကုမ္ပဏီကို ဆိုသည်။

(ဏ) **ရင်းနှီးမြှုပ်နှံမှုမြှင့်တင်အားပေးလိုသည့်ကဏ္ဍများ** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၄၃ နှင့်အညီ ကော်မရှင်မှ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်မည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်အားပေးလိုသည့် စီးပွားရေးလုပ်ငန်းများစာရင်းပါဝင်သည့် ကဏ္ဍများကို ဆိုသည်။

(တ) **အဆိုပြုချက်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ နည်းဥပဒေ ၆၇ အရ ဖွဲ့စည်းထားသော အဆိုပြုချက်စိစစ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ကိုဆိုသည်။

(ထ) **အသေးစားကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(ဒ) **တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤနည်းဥပဒေ( )အရ လျှောက်ထားလွှာများအား လက်ခံစဉ်းစားရန်နှင့် ခွင့်ပြုချက်ပေးရန်အတွက် ကော်မရှင်၏ သဘောတူညီမှုဖြင့် ဖွဲ့စည်းထားသည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများကို ဆိုသည်။

(ဓ) **တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ကော်မတီရုံး** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန်တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများကို ဆိုသည်။

(န) **တင်ပြလျှောက်ထားခြင်း** ဆိုသည်မှာ ဤဥပဒေအရ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ်က ကော်မရှင် သို့မဟုတ် အခြားအခွင့်အာဏာရှိသည့် အဖွဲ့အစည်းထံသို့ လျှောက်ထားလွှာ၊ အကြောင်းကြားစာ၊ စာရွက်စာတမ်း သို့မဟုတ် အခြားအချက်အလက်များတင်ပြလျှောက်ထားခြင်းကိုဆိုသည်။

(ပ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင် ပါရှိသည့် အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်။

(ဖ) **အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ အရ ရရှိသော အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဆိုသည်။

(မ) **အလုပ်ဖွင့်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ သို့မဟုတ် အများပြည်သူရုံးပိတ်ရက်များမှတစ်ပါး ကော်မရှင်ရုံးဖွင့်သည့် မည်သည့်နေ့ရက်ကိုမဆို ဆိုသည်။

## အခန်း(၂)

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ

### ခွင့်ပြုမိန့် ရယူရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

၉။ ရင်းနှီးမြှုပ်နှံလိုသူသည် ကော်မရှင်သို့ အဆိုပြုချက်တင်ပြရမည်ဖြစ်ပြီး ယင်းအဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အောက်တွင်ဖော်ပြထားသော ရှင်းလင်းချက်များအပါအဝင် ဥပဒေပုဒ်မ ၃၆ ပါ အချက်များနှင့် ကိုက်ညီလျှင် ခွင့်ပြုမိန့်ရရှိပြီးမှသာ ရင်းနှီးမြှုပ်နှံရမည်။

၁၀။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်သည့်အခါ ခွင့်ပြုမိန့်နှင့် အခြားသက်ဆိုင်သည့် ဥပဒေများတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များအားလုံးကို လိုက်နာရမည်။

၁၁။ ဥပဒေ ပုဒ်မ ၃၆ (က) ပါရည်ရွယ်ချက်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အောက်ပါစံသတ်မှတ်ချက်များနှင့် လျော်ညီမှုရှိလျှင် နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအဖြစ် မှတ်ယူရမည်-

(က) ဆက်သွယ်ရေး၊ နည်းပညာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်များ၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်များ၊ မြို့ပြ ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံအဆောက်များ၊ သဘာဝအရင်း အမြစ်များ တူးဖော်ထုတ်လုပ်ခြင်း ၊ စိုက်ပျိုးရေး၊ မြို့ပြမြေ နှင့် မီဒီယာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်း(နှင့် ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် *(ငွေကြေးပမာဏ)* အမေရိကန်ဒေါ်လာ သန်း (၂၀) ထက်ကျော်လွန်ခြင်း)၊

(ခ) အခွင့်အာဏာရှိသည့်အဖွဲ့အစည်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ သဘောတူညီချက် သို့မဟုတ် အလားတူ အခွင့်အာဏာပေးအပ်၍ ရင်းနှီးမြှုပ်နှံခြင်း (နှင့် ခန့်မှန်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် (ငွေကြေးပမာဏ) အမေရိကန်ဒေါ်လာ သန်း (၂၀) ထက် ကျော်လွန်ခြင်း)၊

(ဂ) နယ်စပ်မျဉ်း သို့မဟုတ် ပဋိပက္ခဖြစ်ပွားစေသော ဧရိယာအတွင်းတွင် ရင်းနှီးမြှုပ်နှံ ခြင်း(နှင့်ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည်(ငွေကြေးပမာဏ) အမေရိကန် ဒေါ်လာ သန်း (၁၀) ထက်ကျော်လွန်ခြင်း)၊

(ဃ) နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံခြင်း(နှင့်ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် (ငွေကြေး ပမာဏ) အမေရိကန်ဒေါ်လာ သန်း (၂၀) ထက်ကျော်လွန်ခြင်း)၊

(င) မြေဧက(၁၀၀၀)ထက်ပိုသော မြေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်း ။

(စ) မြေဧက (၁၀၀)ထက်ပိုသော မြေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ရန် ရည်ရွယ်ချက်မှတစ်ပါး အခြားလုပ်ငန်းလုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်း ။

၁၂။ ဥပဒေ ပုဒ်မ ၃၆ (ခ) ပါရည်ရွယ်ချက် အလို့ငှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထက်ရှိ သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများ အဖြစ် မှတ်ယူရမည်။

၁၃။ ဥပဒေ ပုဒ်မ ၃၆(ဂ) ပါ ရည်ရွယ်ချက် အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အောက်ပါ စံသတ်မှတ်ချက်များနှင့် လျော်ညီမှုရှိလျှင် သဘာဝပတ်ဝန်းကျင်နှင့်ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအဖြစ် မှတ်ယူရမည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းများဖြစ်ခြင်း သို့မဟုတ် ဖြစ်တန်ရာခြေရှိခြင်း။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ကာကွယ်တောဧရိယာ(designated protected area) သို့မဟုတ် မျိုးစိတ်မျိုးကွဲများတည်ရှိသည့်ဧရိယာ တွင်တည်ရှိသည့် စီမံကိန်း များ။

(ဂ) အသုံးပြုမည့်မြေ သို့မဟုတ် ငှားရမ်းမည့် မြေသည်-

(၁) နိုင်ငံတော်၏ဥပဒေများနှင့်အညီ လျော်ကြေးပေး၍သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်းလုပ်ထုံးလုပ်နည်းများဖြင့် ရယူခြင်း သို့မဟုတ် လျော်ကြေးပေး၍သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ

မြေသိမ်းယူခြင်းလုပ်ထုံးလုပ်နည်းများဖြင့်ရယူရန် ကြိုတင်သဘောတူညီချက်ဖြင့်ပြုလုပ်ခြင်း နှင့် ထိုကဲ့သို့ သိမ်းယူခြင်းကြောင့် ယင်းမြေ၌အမြဲတမ်းနေထိုင်သူ ဦးရေအနည်းဆုံး ၁၀၀ ယောက် အား ပြန်လည်နေရာချ ထားပေးရန် လိုအပ်ခြင်း သို့မဟုတ် ၁၀၀ ဧက အထက် အကျိုးသက်ရောက်မှုရှိခြင်း။

(၂) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ဧက ၁၀၀ ထက်ပို၍ ရယူရာတွင် မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့် ရှိသူတို့မှ အတင်းအကြပ်ပိတ်ပင်ခြင်းဖြင့် ဥပဒေအရ အသုံးပြုခွင့်ရှိသော ပုဂ္ဂိုလ်အား ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်ခြင်း၊

(၃) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား ဧက ၁၀၀ ထက်ပို၍ ရယူရာတွင် ပုဂ္ဂိုလ်တစ်ဦးက ရိုးဖြောင့်သောသဘောဖြင့် တရားစွဲဆိုတောင်းဆိုခြင်း သို့မဟုတ် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်နေခြင်းတို့ကြောင့် အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပဋိပက္ခဖြစ်စေနိုင်ခြင်း သို့မဟုတ်

(၄) မြေတွင်နေထိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အား မြေတွင် နေထိုင်သူဦးရေ အနည်းဆုံး ၁၀၀ယောက်အား ယင်းမြေတွင် ဆက်လက်နေထိုင်ခြင်းဖြင့် အခြားသောဆိုးကျိုးသက်ရောက်စေနိုင်ခြင်း။

၁၄။ နည်းဥပဒေ ၁၄ အား သတ်မှတ်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၆ (ခ) အလို့ငှာ အခွင့်အာဏာရှိသော အဖွဲ့အစည်း၌ မြေ သို့မဟုတ် အဆောက်အဦရှိခြင်း သို့မဟုတ် သက်ဆိုင်ရာ မြေပိုင်ဆိုင်ခွင့် နှင့် ယင်းမြေ သို့မဟုတ် အဆောက်အဦ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်သူ၏ လုပ်ပိုင်ခွင့်အား လွှဲပြောင်းနိုင်ခွင့် ရှိခဲ့သည့် မြေတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ပါက နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အဦများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်။ ယင်းသို့ ဆိုရာ၌ အခွင့်အာဏာရှိသည့်အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အတွင်းမှ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လုပ်ထုံးလုပ်နည်းများအရ ခွင့်ပြုခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အခြားစီမံခန့်ခွဲခြင်းဖြင့် ပေါ်ပေါက်လာသော မြေအသုံးပြုခွင့်များမပါဝင်ပါ။

၁၅။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ (ဃ)အရ အောက်ပါအခြေအနေများတွင် ခွင့်ပြုမိန့်လျှောက်ထားရယူရန် မလိုအပ်ပါ-

(က) မြေအသုံးပြုခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံသူမှ ပေးချေရသည့် အဖိုးစားနား သို့မဟုတ် ပေးချေမှုသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅

သန်းအောက် လျော့နည်းခြင်း နှင့် ရင်းနှီးမြှုပ်နှံသူသည် (မြေအသုံးပြုခွင့်အား သက်တမ်းတိုးမြှင့်နိုင်သည့် အခွင့်အရေးအပါအဝင်) မြေ သို့မဟုတ် အဆောက်အအုံအား သက်တမ်း ၅နှစ် သို့မဟုတ် ၅ နှစ်အောက် လျော့နည်း၍ ငှားယူနိုင်ခြင်း သို့မဟုတ် လိုင်စင်ရယူနိုင်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံများအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ တစ်ဆင့်ငှားယူခြင်း သို့မဟုတ် လိုင်စင်ရယူခြင်း၊

(၁) (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင်) ပြည်ထောင်စု၏ ဥပဒေနှင့်အညီ အာဏာပိုင်အဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသော ပုဂ္ဂိုလ် နှင့်

(၂) အာဏာပိုင်အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအား တစ်ဆင့်ငှားယူရန် သို့မဟုတ် တစ်ဆင့်လိုင်စင်ရယူရန် အခွင့်ရှိသည့် ပုဂ္ဂိုလ်။

ရင်းနှီးမြှုပ်နှံသူသည် မြေ သို့မဟုတ် အဆောက်အအုံများအား အသုံးပြုရာတွင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးအား အာဏာပိုင်အဖွဲ့အစည်းမှ မြေအသုံးပြုခွင့် ပေးအပ်ရာတွင် ချုပ်ဆိုသည့် ငှားရမ်းခြင်း ကတိစာချုပ်၊ သဘောတူစာချုပ် သို့မဟုတ် အခြားစာချုပ် အရ ခွင့်ပြုထားသည့် နည်းလမ်းဖြင့် အသုံးပြုရမည်။

၁၆။ ဥပဒေပုဒ်မ ၃၆ အရ ခွင့်ပြုမိန့်ရယူရမည့် တာဝန်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) သို့မဟုတ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။) အရ ခွင့်ပြုမိန့်အပါအဝင် ဤနည်းဥပဒေများ အကျိုးမသက်ရောက်မီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် တည်ဆောက်ရေး စတင်ရန် ပြည်ထောင်စု၏ ဥပဒေများအရ လိုအပ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ပြီးဖြစ်သည့်၊ လိုအပ်သည့် ခွင့်ပြုမိန့်၊ လိုင်စင်များအားလုံး ရယူပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၇။ နည်းဥပဒေပုဒ်မ ၁၆ အရ မည်သို့ပင်ဆိုစေကာမူ ဤနည်းဥပဒေများ အကျိုးမသက်ရောက်မီ တည်ဆောက်ရေးလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စတင်ဆောင်ရွက်ပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြောင်းလဲမှုများပြုလုပ်ပြီး အဆိုပါပြောင်းလဲမှုများသည် မူလရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သီးခြားဖြစ်သည်ဟု ယူဆလျှင် အဆိုပြုချက်တင်ပြရန်

လိုအပ်မည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံသူသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အဆိုပါပြောင်းလဲမှုများ မပြုလုပ်မီ ခွင့်ပြုမိန့်ရယူရန် အဆိုပြုချက်တင်ပြရမည်။

၁၈။ ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စတင်ဆောင်ရွက်ချိန်တွင် ခွင့်ပြုမိန့်ရယူရန် မလိုအပ်သော်လည်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုပုံစံကို ပြောင်းလဲလိုက်သောကြောင့် ဥပဒေပုဒ်မ ၃၆ပါ စံသတ်သတ်မှတ်ချက်နှင့် အကျုံးဝင်သွားပက ယင်းပြောင်းလဲမှုမဆောင်ရွက်မီ ခွင့်ပြုမိန့်ရယူရန် အဆိုပြုချက်တင်ပြရမည်။

၁၉။ နည်းဥပဒေ ၁၁၊၁၂၊၁၃ နှင့် ၁၅ တို့တွင် ရည်ညွှန်းထားသည့် ငွေကြေးပမာဏများ ၊ မြေဧရိယာများ သို့မဟုတ် အကျိုးစီးပွားထိခိုက်ခံရသူ တစ်ဦးချင်းစီးအား ရည်ညွှန်းရာတွင် ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်း၏ တွဲဖက်လုပ်ကိုင်သူများ အားလုံး၏ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံသူ၏ သက်ဆိုင်သည့် စီးပွားရေးနှင့် စုစုပေါင်း ပမာဏကို ဆိုလိုသည်ဟု မှတ်ယူရမည်။

၂၀။ ဤနည်းဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ကော်မရှင်မှ နည်းဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ(င) အရ ရင်းနှီးမြှုပ်နှံသူမှ အဆိုပြုချက်တင်ပြရန်၊ ခွင့်ပြုမိန့်ရယူရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု အခြားပုံစံများအား ဆုံးဖြတ်ရာတွင်လည်းကောင်း၊ ပုဒ်မ ၄၆ အရ ခွင့်ပြုချက် ရယူရန် ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုချက်တင်ပြရမည့် အခြေအနေများအတွက် ဆုံးဖြတ်ရာတွင်လည်းကောင်း ကန့်သတ်ခြင်းမရှိစေရ။

**တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

၂၁။ ကော်မရှင်သည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၄၁ အရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အမိန့်ကြော်ငြာစာထုတ်၍ အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၂၂။ အခြားမည်သည့်ဥပဒေတွင် ကန့်သတ်ထားစေကာမူ နည်းဥပဒေ ၂၁ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာတွင် မပါရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဥပဒေအရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် မသတ်မှတ်ရ။

၂၃။ မည်သည့်ပုဂ္ဂိုလ်မဆို တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်ခြင်းမပြုရ။

၂၄။ ဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈။)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) သို့မဟုတ်

စက်မှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် အခြားအာဏာပိုင်အဖွဲ့အစည်းတို့က နိုင်ငံတော်အတွင်း တင်သွင်းရန်၊ တင်ပို့ရန်၊ သိုလှောင်ရန်၊ ကုန်သွယ်ရန်၊ ထုတ်လုပ်ရန် သို့မဟုတ် အခြားနည်းဖြင့်ထုတ်လုပ်ရန် တားမြစ်ထားသည့် ပစ္စည်းများ အားလုံးကိုဆိုသည်။ အခွင့်အာဏာပိုင်အဖွဲ့အစည်းများမှ ဥပဒေဖြင့် အတိအလင်း ခြွင်းချက်ပြုခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှင့်စပ်လျဉ်း၍ အဆိုပါ ပစ္စည်းများအား ထုတ်လုပ်ခြင်း သို့မဟုတ် အသုံးပြုခြင်းအား တားမြစ်သည်။

၂၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၁ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့၏ ရည်ရွယ်ချက်သည် ရင်းနှီးမြှုပ်နှံမှုများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပြည်သူ့ကျန်းမာရေးဥပဒေနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အပါအဝင် နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်စေရန်ဖြစ်သည်။ ဤပုဒ်မများသည် နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို တားမြစ်ခြင်း မရှိစေရ။

၂၆။ အခြားလုပ်ပိုင်ခွင့်များအား ကန့်သတ်ခြင်းမရှိစေဘဲ ကော်မရှင်သည်-

(က) ကော်မရှင်သည် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ယင်းနှင့် ဆက်နွယ်သည့်လုပ်ငန်းအမျိုးအစားတွင် ပါဝင်ဆောင်ရွက်နေသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ၎င်းရင်းနှီးမြှုပ်နှံသူထံမှ သတင်းအချက်အလက်များ တောင်းခံနိုင်သည်၊ နှင့်

(ခ) တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် မည်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုမဆို ခေတ္တဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားရန် အမိန့်ချမှတ်နိုင်သည်။

**ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

၂၇။ ကော်မရှင်သည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၄၂ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်နိုင်ပြီး ဥပဒေပုဒ်မ ၄၄ အရ ယင်းတို့အား ပြင်ဆင်နိုင်သည်။

၂၈။ နည်းဥပဒေ ၂၇ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာအား ပြင်ဆင်ရန် ထည့်သွင်းစဉ်းစားရာတွင် ကော်မရှင်မှ ဆွေးနွေးနိုင်ခွင့်၊ အကြံဉာဏ်တောင်းခံနိုင်ခွင့်အား ဥပဒေပုဒ်မ ၄၅ အရ ကန့်သတ်ခြင်းမရှိစေရ။

၂၉။ အခြားမည်သည့် ဥပဒေတွင် ကန့်သတ်ထားစေကာမူ နည်းဥပဒေ ၂၇ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာတွင် မပါရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဥပဒေအရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် မသတ်မှတ်ရ။

၃၀။ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်သည့် ပုဂ္ဂိုလ်သည် နည်းဥပဒေ ၃၁၊ ၃၂၊ ၃၃ နှင့် ၃၄ တို့တွင် ဖော်ပြထားသည့် ရှင်းလင်းချက်များအပါအဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြား သက်ဆိုင်သည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်အတွက်နှင့် အခြားသက်ဆိုင်ရာဥပဒေများအရ အစိုးရသည် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူနှင့် စာချုပ်ချုပ်ဆိုနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူမှ ပါဝင်ဆောင်ရွက်ခြင်းအား စာချုပ်ပါ အတိုင်းအတာအရ ခွင့်ပြုနိုင်သည်။

၃၂။ ဤပုဒ်မ၏ အကျိုးသက်ရောက်မှုအား ကန့်သတ်ခြင်းမရှိစေရဘဲ ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာကုမ္ပဏီများမှ ဆောင်ရွက်နိုင်သည်။

၃၃။ ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ဂ) ပါ ရည်ရွယ်ချက်အလို့ငှာ သက်ဆိုင်သည့် အမိန့်ကြော်ငြာစာတွင် အတိအလင်း ဖော်ပြ၍ ခြွင်းချက်ပြုထားသည့်အချက်များမှတစ်ပါး ဖက်စပ်လုပ်ငန်းတစ်ခုတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူတစ်ဦး (သို့မဟုတ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအဖွဲ့) ၏ အနည်းဆုံး တိုက်ရိုက် အစုရှယ်ယာထည့်ဝင်မှု သို့မဟုတ် အကျိုးစီးပွားထည့်ဝင်မှု အချိုးသည် ၂၀ % ဖြစ်သည်။

၃၄။ နည်းဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ဂ) သို့မဟုတ် နည်းဥပဒေပုဒ်မ ၃၀ ၏ အကျိုးသက်ရောက်မှုအား ကန့်သတ်ခြင်း မရှိစေရဘဲ ဖက်စပ်လုပ်ငန်းတွင် ပါဝင်သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ၏ အနည်းဆုံး တိုက်ရိုက်အကျိုးစီးပွား သို့မဟုတ် အစုရှယ်ယာထည့်ဝင်မှုအချိုးကို မြန်မာကုမ္ပဏီ (သို့မဟုတ် မြန်မာ ကုမ္ပဏီများအဖွဲ့) မှ ထည့်ဝင်နိုင်သည်။

## အခန်း(၃)
## ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများ

၃၅။ ကော်မရှင်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အမိန့်ကြော်ငြာစာများအား အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

(က) ဥပဒေပုဒ်မ ၄၃ အရ သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများနှင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိနိုင်သည့် အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်

(ခ) ဥပဒေပုဒ်မ ၇၅ အရ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အလိုက် နိုင်ငံတော်အတွင်း ဇုန်(၁)၊ ဇုန်(၂) သို့မဟုတ် ဇုန်(၃) အဖြစ် သတ်မှတ်ရမည့် နေရာများ။

၃၆။ အခြားလုပ်ပိုင်ခွင့် သို့မဟုတ် အခြားနည်းဥပဒေများ၏ အကျိုးသက်ရောက်မှုအား ကန့်သတ်ခြင်းမရှိဘဲ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် မရရှိမီ အကျုံးဝင်နိုင်စေရန် ကိုက်ညီမှုရှိရမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အနည်းဆုံး သတ်မှတ်ချက်များ၊ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍအတွက် အချိန်မရွေးခွင့်ပြုနိုင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အများဆုံးပမာဏအား ထုတ်ပြန်နိုင်သည်။

## အခန်း(၄)
## ရင်းနှီးမြှုပ်နှံမှုအတွက်လျှောက်ထားတင်ပြမှုများ

### ပုံမှန်တင်ပြလျှောက်ထားမှု

၃၇။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေနှင့် ဤနည်းဥပဒေများနှင့်အညီ ကော်မရှင်ထံသို့ လျှောက်ထားတင်ပြမှုအားလုံးကို ဆောင်ရွက်ရမည်။

၃၈။ တင်ပြလျှောက်ထားမှုတိုင်းသည်-

(က) စာဖြင့်ရေးသားရမည်၊

(ခ) မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားရမည်၊

(ဂ) အဆိုပြုချက်ဖြစ်ပါက အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကျဉ်းချုပ်အား အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့် ရေးသားရမည်၊

(ဃ) ရင်းနှီးမြှုပ်နှံသူ၏ အခွင့်ရကိုယ်စားလှယ်နှင့် သက်ဆိုင်ရာလျှောက်ထားသူ တစ်ဦးချင်းမှ လက်မှတ်ရေးထိုးရမည်၊

(င) သတ်မှတ်ထားသည့် ပုံစံဖြင့် ဖြည့်စွက်ရမည်၊

(စ) ကော်မရှင်မှ သတ်မှတ်ထားသည့် အချက်အလက်များ ပါဝင်ရမည်၊

(ဆ) ယင်းအချက်အလက်များသည် ပြည့်စုံမှန်ကန်ရမည် ဖြစ်ပြီး လိမ်လည်ဖော်ပြခြင်း မရှိရ၊

(ဇ) ကော်မရှင်ရုံး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ် သို့မဟုတ် ပြည်နယ် ကော်မတီရုံးထံ လျှောက်ထားတင်ပြရမည်၊

(ဈ) သက်ဆိုင်ရာ တင်ပြလျှောက်ထားမှု လျှောက်လွှာကြေး ပေးသွင်းရမည်။

၃၉။ ရင်းနှီးမြှုပ်နှံသူအဖြစ် ဥပဒေအရ မဖွဲ့စည်းရသေးလျှင် ရင်းနှီးမြှုပ်နှံသူအဖြစ် ဖွဲ့စည်းရန် တာဝန်ရှိသည့် အဖွဲ့အစည်းသည် ရင်းနှီးမြှုပ်နှံသူကိုယ်စား အဆိုပြုချက် တင်ပြနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများ ဖွဲ့စည်းခြင်းသည် ခွင့်ပြုချက်ထုတ်ပေးရန်အတွက် စည်းကမ်းချက်ဖြစ်ပြီး ဥပဒေအရ သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ တာဝန်ဝတ္တရားများအား ပြောင်းလဲခြင်းမရှိစေရ။

၄၀။ ကော်မရှင်သည် ၎င်း၏ အခြားလုပ်ပိုင်ခွင့်များအား ကန့်သတ်ခြင်းမပြုဘဲ တင်ပြလျှောက်ထားမှုအား ထည့်သွင်းစဉ်းစားရာတွင် အခွင့်အာဏာရှိသည့် အဖွဲ့အစည်းနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အဆိုပြုချက်နှင့်စပ်လျဉ်း၍ အကျိုးစီးပွားတွင် ပါဝင်သူများ၊ ဆုံးဖြတ်ချက်ကြောင့် အကျိုးသက်ရောက်မှုရှိမည့် ပုဂ္ဂိုလ်များနှင့် ဆွေးနွေး၍ ဆုံးဖြတ်ချက်အတွက် သင့်လျော်မည့် သတင်းအချက်အလက်များ ရယူနိုင်သည်။

၄၁။ ရင်းနှီးမြှုပ်နှံသူသည် အောက်ဖော်ပြပါ အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပေါ်တွင် စည်းနှောင်မှု မရှိသည့် လမ်းညွှန်ချက်ရယူရန်အတွက် ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာကို ကော်မရှင်ထံ တင်ပြနိုင်သည် -

(က) ဥပဒေပုဒ်မ ၃၆ အရ ကော်မရှင်ထံ အဆိုပြုချက်တင်ပြရန် လိုအပ်ခြင်း။

(ခ) ခွင့်ပြုမိန့်မထုတ်ပေးမီ ဥပဒေပုဒ်မ ၄၆ အရ ခွင့်ပြုချက်အတွက် ပြည်ထောင်စုလွှတ်တော်ထံ တင်ပြရန် ဖြစ်တန်ရာခြေရှိခြင်း။

(ဂ) ဥပဒေပုဒ်မ ၄၁ နှင့် ယင်းနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာအရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်ခြင်း။

(ဃ) ဥပဒေပုဒ်မ ၄၂ နှင့် ယင်းနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာအရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်ခြင်း။

(င) ဥပဒေပုဒ်မ ၄၃ နှင့် ယင်းနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာအရ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့်ကဏ္ဍဖြစ်ခြင်း။

ရင်းနှီးမြှုပ်နှံမှုစိစစ်ရေး လမ်းညွှန်ချက်တွင် ခွင့်ပြုချက် ရရှိနိုင်မည့် အလားအလာများအား ဖော်ပြပါရှိမည် မဟုတ်ပါ။

## အခန်း(၅)
## ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလုပ်ငန်းစဉ်

၄၂။ ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာ တင်ပြပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးအား ပေးသွင်းပြီးပါက ရင်းနှီးမြှုပ်နှံမှုစိစစ်ရေး လျှောက်ထားလွှာအား စိစစ်ရမည်။ စိစစ်ပြီးလျှင် ကော်မရှင် သည် လမ်းညွှန်ချက် ထုတ်ပြန်ရမည်။ ယင်းလမ်းညွှန်ချက်သည် စည်းနှောင်မှုမရှိသည့် စည်းကမ်း သတ်မှတ်ချက်များ ပါဝင်ရမည်။

၄၃။ ဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ (ခ) အရ တောင်းခံရန်လိုအပ်သည့် လမ်းညွှန်ချက်ဖြစ်ပါ က ပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာအား စိစစ်ရန် အချိန်ကာလသည် အများဆုံး အလုပ်ဖွင့်ရက် (၁၀) ရက် သို့မဟုတ် (၂၀) ရက်ထက် မကျော်လွန်စေရ။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံ သူထံမှ အချက်အလက်များ ထပ်မံလိုအပ်ပါက စိစစ်ရေးအချိန်ကာလအား ထပ်မံတိုးမြှင့်နိုင်သည်။

၄၄။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှ တောင်းခံသည့် အချက်အလက်အား တောင်းခံသည့်နေ့မှစ၍ အလုပ်ဖွင့်ရက် (၁၀) ရက်အတွင်း သို့မဟုတ် ကော်မရှင်မှ ထပ်မံတိုးမြှင့်သည့် အချိန်ကာလအတွင်း ပေးအပ်ခြင်းမရှိပါက လျှောက်ထားလွှာအား ပယ်ဖျက်နိုင်သည်။

### လမ်းညွှန်ချက်အားပြင်ဆင်ခြင်း

၄၅။ ကော်မရှင်သည် နည်းဥပဒေပုဒ်မ ၄၁ အရ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်အား ပြင်ဆင်သင့်ကြောင်း မည်သည့်အချိန်တွင်မဆို ဆုံးဖြတ်လျှင် ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။ ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအား အမြဲလေးစားလိုက်နာရမည်ဖြစ်ပြီး ပြင်ဆင်သည့် လမ်းညွှန်ချက်နှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည်။

၄၆။ ရင်းနှီးမြှုပ်နှံသူသည် -

(က) ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသဘာဝအား ပြည့်စုံစွာ ဖော်ပြရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာအား ကော်မရှင်မှစိစစ်ရာတွင် သင့်လျော်သည့် ပုဂ္ဂိုလ် တစ်ဦးက စဉ်းစားဆောင်ရွက်ရမည့် အချက်အလက်များအားလုံးကို ဖော်ပြရမည်။

(ဂ) သဘောရိုးဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မရှင်သို့ အချက်အလက်များ မှန်ကန်စွာ မဖော်ပြခြင်း၊ လိမ်လည်ခြင်း သို့မဟုတ် တမင် မမှန်မကန် ဖုံးကွယ်ခြင်းမပြုရ။

နည်းဥပဒေ ၄၂ အရ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့် နည်းဥပဒေ ၄၅ အရ နောက်ဆက်တွဲ ပြင်ဆင်ထားသည့် လမ်းညွှန်ချက်အရ တစ်စုံတစ်ရာ ဆောင်ရွက်ခြင်း အတွက် ပြစ်ဒဏ်ချမှတ်ခြင်း မရှိစေရ။ ပြင်ဆင်သည့် လမ်းညွှန်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်ရန်အချိန် ခြောက်လ သို့မဟုတ် (ကော်မရှင်မှ ခွင့်ပြုသည့် ထပ်တိုးမြှင့်သည့် အချိန်ကာလ) ပေးရမည်။

## ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အကြောင်းကြားခြင်း

၄၇။ ဥပဒေပုဒ်မ ၄၂ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံလိုသူက အဆိုပြုလာသည့်အခါ အဆိုပြုသည့်ရင်းနှီးမြှုပ်နှံမှုကို သတ်မှတ်သည့် ပုံစံဖြင့် ကော်မရှင်ထံ အကြောင်းကြားရမည်။

၄၈။ နည်းဥပဒေ ၄၇ အရ ပေးပို့ရမည့် အကြောင်းကြားစာအား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စတင်အကောင်အထည်ဖော်သည့်နေ့မှစ၍ ၃ လအတွင်း ပေးပို့ရမည်။

၄၉။ အကြောင်းကြားစာအား ကော်မရှင်ရုံး သို့မဟုတ် ကော်မရှင်မှ သတ်မှတ်ထားသည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ကော်မရှင်ရုံးသို့ ပေးပို့ရမည်။

၅၀။ နည်းဥပဒေ ၄၈ တွင် ရည်ညွှန်းထားသည့် အချိန်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အတွက် အဆိုပြုချက် သို့မဟုတ် အတည်ပြုလျှောက်ထားလွှာ တင်ပြသည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အသေးစားကုမ္ပဏီသည် နည်းဥပဒေ ၄၇ နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြားသက်ဆိုင်သည့် ဥပဒေများအားလုံးအရ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရယူရန်မလိုအပ်ခဲ့လျှင် နည်းဥပဒေပုဒ်မ ၄၇ အရ အကြောင်း ကြားရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ကော်မရှင်ထံမှ ဆုံးဖြတ်ချက် သို့မဟုတ် ခွင့်ပြုချက် မလိုအပ် ပါ ။

## အခန်း (၆)
## အဆိုပြုချက်များ

၅၂။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေ ပုဒ်မ ၃၆ အရ ခွင့်ပြုမိန့်ရယူရန်လိုအပ်ပါက အဆိုပြုချက် အား ကော်မရှင်သို့ တင်ပြရမည်။

၅၃။ အဆိုပြုချက်အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက လျှောက်ထားရမည်-

(က) ရင်းနှီးမြှုပ်နှံသူများ၊

(ခ) မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည့် လက်အောက်ခံ ကုမ္ပဏီများ။

၅၄။ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသည့် အခွင့်အာဏာရှိသည့်အဖွဲ့အစည်းသည် အဆိုပြုချက် တင်ပြရမည်-

(က) ရင်းနှီးမြှုပ်နှံမှုတွင် သိသာထင်ရှားသည့် ပိုင်ဆိုင်မှုအကျိုးစီးပွားရှိခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှု၏ အခြေခံများအဖြစ် လုပ်ငန်းပိုင်ဆိုင်ခွင့်အား ရင်းနှီးမြှုပ်နှံသူထံ ခွင့်ပြုခဲ့ပြီးဖြစ်ခြင်း သို့မဟုတ် ခွင့်ပြုရန် ရည်ရွယ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှု၏ အခြေခံအဖြစ်ပါဝင်ရန် ရင်းနှီးမြှုပ်နှံသူနှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း သို့မဟုတ်

(ဃ) ဥပဒေအရ ယင်းသို့ဆောင်ရွက်ရန် လိုအပ်ခြင်း သို့မဟုတ် အခွင့်အာဏာပေးအပ်ခြင်း။

၅၅။ ကော်မရှင်သည် ၎င်း၏ အခြားလုပ်ပိုင်ခွင့်များအရ အဆိုပြုချက်၏ အကျဉ်းချုပ်အား ထုတ်ပြန်နိုင်သည်။

၅၆။ မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှောက်ထားလွှာများအား အဆိုပြုချက်နှင့် တစ်ပြိုင်နက် အတူအကွ တင်ပြနိုင်သည်။

## အခန်း (၇)
## အဆိုပြုချက်စိစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

၅၇။ အဆိုပြုချက်ကိုတင်ပြ၍ သတ်မှတ်ထားသည့် လျှောက်လွှာကြေးများကို ပေးသွင်းပြီး နောက် အရည် အချင်းပြည့်မီခြင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ ကော်မရှင်ရုံးတွင် ( သို့မဟုတ် ကော်မရှင်မှ သတ်မှတ်ထားသည့် အခြားနေရာတွင်) စိစစ်ရမည်။ အဆိုပြုချက်သည် အရည်အချင်းပြည့်မီ၍ ပြည့်စုံသည်ဟု ဆုံးဖြတ် သတ်မှတ်ပါ က အဆိုပြုချက်အားလက်ခံ၍ အဆိုပြုချက်စိစစ်ရေးအဖွဲ့မှ စစ်ဆေးခြင်း ခံပြီးသည့်အခါ ကော်မရှင်အစည်းအဝေးတွင် အဖွဲ့ဝင်များ ( သို့မဟုတ် နည်းဥပဒေ ၆၇ အရ လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် အခွင့်အာဏာရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့) မှ သုံးသပ်နိုင်ရန်နှင့် အတည်ပြုဆုံးဖြတ်နိုင်ရန် ဆက်လက်တင်ပြရမည်။ စိစစ်ခြင်း၊ သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း တို့သည် နည်းဥပဒေ ၆၉ နှင့် အောက်ဖော်ပြပါ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အဆိုပြုချက် စိစစ်ရေး သတ်မှတ်ချက်များနှင့် ဆောင်ရွက်ရမည်။

၅၈။ ကော်မရှင်သည် အဆိုပြုချက် သို့မဟုတ် သက်ဆိုင်သည့်အခြေအနေ အပေါ်တွင် မပြည့်စုံဟုသော်လည်းကောင်း၊ အရည်အချင်းမပြည့်မီဟုသော်လည်းကောင်း ယူဆပါက အဆိုပြုချက်အားလက်ခံပြီး အလုပ်ဖွင့်ရက် (၁၅) ရက်အတွင်း ငြင်းပယ်နိုင်သည်။ ကော်မရှင်သည် အဆိုပြုချက်တစ်ခုကို ငြင်းပယ်ပါက ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်းနှင့် ငြင်းပယ်ရခြင်း အကြောင်းအရင်းကို ရှင်းလင်းဖော်ပြပြီး အလုပ်ဖွင့်ရက် (၁၀) ရက် အတွင်း အကြောင်းကြားရမည်။ အကယ်၍အဆိုပြုချက်အား ငြင်းပယ်ခြင်း မပြုပါက လက်ခံသည်ဟု မှတ်ယူရမည်။

၅၉။ နည်းဥပဒေ ၆၀ နှင့် ၆၁ ပါ ပြဋ္ဌာန်းချက်ထက် မကျော်လွန်ဘဲ အဆိုပြုချက်အား လက်ခံလျှင်သို့မဟုတ် လက်ခံသည်ဟုမှတ်ယူရလျှင် ကော်မရှင်သည် အဆိုပြုချက်အား နောက်ထပ် အလုပ်ဖွင့်ရက် (၆၀) ရက်အတွင်း စိစစ်ခြင်းအား ဆောင်ရွက်ပြီး အတည်ပြုဆုံးဖြတ်ရမည်။

၆၀။ နည်းဥပဒေ ၅၉ အရ သတ်မှတ်ထားသည့် အဆိုပြုချက် စိစစ်ခြင်း အချိန်ကာလအား အောက်ဖော်ပြပါ အခြေအနေ တစ်ခုခုတွင် ဆိုင်းငံ့ထားနိုင်သည်-

(က) ကော်မရှင်သည် အဆိုပြုချက်အား စိစစ်ရန်နှင့် ခွင့်ပြုမိန့်နှင့် အခြားဆက်စပ်သည့် လျှောက်ထားလွှာများအား ဆုံးဖြတ်ချက်ချရန် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အခြားအဖွဲ့အစည်းထံမှ အချက်အလက်များ ထပ်မံ၍ လိုအပ်လာလျှင် သို့မဟုတ်

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၆ အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်လျှင်။

အချိန်သတ်မှတ်မှုသည် ဤနည်းဥပဒေအရ တစ်ကြိမ်ထက်ပို၍ ဆိုင်းငံ့နိုင်ပြီး ဆိုင်းငံ့ထားကြောင်းကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။ နည်းဥပဒေပုဒ်မ ၆၄ အရ နောက်ထပ် အချက်အလက်များ ရရှိသည်နှင့် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်မှ အကြောင်းပြန်ကြားပြီးသည်နှင့် တစ်ပြိုင်နက် အချိန်သတ်မှတ်ချက်အား ပြန်လည်စတင်ရမည်။

၆၁။ ကော်မရှင်အတွင်းရေးမှူးသည် အဆိုပြုချက် သို့မဟုတ် *(အဆိုပြုချက်နှင့်သက်ဆိုင်သည့်)* အခြားအခြေအနေများသည် ရှုပ်ထွေးသောကြောင့် သို့မဟုတ် အသစ်အဆန်းဖြစ်သောကြောင့် အချိန်သတ်မှတ်ချက် တိုးမြှင့်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအား အကျိုးသက်ရောက်မှုရှိစေသည်ဟု ယူဆပါက နည်းဥပဒေ ၅၉ အရ အဆိုပြုချက် စိစစ်သည့်အချိန်ကာလအား ထပ်မံတိုးမြှင့်နိုင်သည်။ အချိန်သတ်မှတ်ချက်အား ဤနည်းဥပဒေအရ တစ်ကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်နိုင်ပြီး သက်တမ်းတိုးမြှင့်ကြောင်းကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

၆၂။ ကော်မရှင်သည် အဆိုပြုချက်အား စဉ်းစားဆွေးနွေးသည့် အဆိုပြုချက်စိစစ်ရေးအဖွဲ့ သို့မဟုတ် ကော်မရှင်အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံသူ၏ အခွင့်ရကိုယ်စားလှယ်အား တက်ရောက်စေရမည်။

၆၃။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူထံမှ အဆိုပြုချက်နှင့်စပ်လျဉ်းသည့် အချက်အလက်များအား အဆိုပြုချက်အား လက်ခံခြင်းမပြုမီ နှင့် ကော်မရှင်အဖွဲ့ဝင်များမှ အစည်းအဝေးတွင် သုံးသပ်ရန်အတွက် ကော်မရှင်သို့ မတင်ပြမီ လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ထပ်မံတောင်းခံနိုင်သည်။

၆၄။ ကော်မရှင်က တောင်းဆိုသည့်အချက်အလက်အား ရင်းနှီးမြှုပ်နှံသူသည် တောင်းဆိုခံရသည့်နေ့မှ အလုပ်ဖွင့်ရက် (၂၀) ရက်အတွင်း သို့မဟုတ် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ထပ်မံတိုးမြှင့်ထားသည့် အချိန်ကာလအတွင်း မပေးနိုင်ပါက လျှောက်လွှာကို ပယ်ချနိုင်သည်။ လျှောက်ထားလွှာပျက်ပြယ်လျှင် ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံအား ဆက်လက်ဆောင်ရွက်လိုပါက အဆိုပြုချက်ကို ထပ်မံတင်ပြရမည် ဖြစ်ပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးများအား ပေးဆောင်ရမည်။

၆၅။ ကော်မရှင်သည် အဆိုပြုချက်အား စိစစ်ရာတွင် လိုအပ်ပါက သို့မဟုတ် ဆန္ဒရှိပါက အခြားအာဏာရှိသည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အခွင့်အာဏာရှိသည့် အဖွဲ့အစည်းများအားလုံးသည် အဆိုပြုချက်စိစစ်ရန် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးမြောက်စေရန်သက်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အခြားအရင်းအမြစ်များအား ထောက်ပံ့ပေးရမည်။

၆၆။ ကော်မရှင်သည် အဆိုပြုချက်အား ဥပဒေနှင့်မကိုက်ညီကြောင်း သို့မဟုတ် ခွင့်ပြုမိန့်ပေးရန်အတွက် အရည်အချင်းမပြည့်မီကြောင်း ယူဆလျှင် အဆိုပြုချက်အား အချိန်မရွေး ငြင်းပယ်နိုင်သည်။

၆၇။ ကော်မရှင်သည် အဆိုပြုချက်အား ပဏာမအနေဖြင့် သုံးသပ်ရန်အခြားအခွင့်အာဏာရှိသည့် အဖွဲ့အစည်းမှ အရာရှိများ ပါဝင်သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့အား ဖွဲ့စည်းရမည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ သန်းအောက် ဖြစ်ပါက အဆိုပြုချက်များအား စိစစ်ရန်အတွက် အခွင့်အာဏာရှိသည့် အဖွဲ့အစည်းအားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအားလည်းကောင်း လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးနိုင်သည်။

၆၈။ ကော်မရှင်သည် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် လမ်းညွှန်ချက်များအား ထပ်မံထုတ်ပြန်နိုင်သည်။

## အခန်း(၈)

## အဆိုပြုချက်စိစစ်ရေးအတွက် သတ်မှတ်ချက်များ

၆၉။ ကော်မရှင်သည် အဆိုပြုချက်အားလုံးအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၅(ဂ) နှင့်အညီ စိစစ်၍ နိုင်ငံအကျိုးစီးပွားအတွက် အထောက်အကူ ပြု၊ မပြု ဆုံးဖြတ်ရမည်။ ထိုသို့ စိစစ်ရာတွင် ကော်မရှင် သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၊ ၄၇ နှင့် ၆၅ အပါအဝင် ဥပဒေ၏ ရည်ရွယ်ချက်များ၊ အခြေခံသဘောတရားများ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ထည့်သွင်းစဉ်းစားရမည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အဆိုပြုချက်အား အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊မရှိ ကိုလည်း ထည့်သွင်းစဉ်းစားရမည်-

(က) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီး မြှုပ်နှံခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ခွင့်ပြုမိန့် လိုအပ်သည့် လုပ်ငန်းတစ်ခုဖြစ်ခြင်း။

(ဂ) အဆိုပြုချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ညီညွတ်မှုရှိခြင်း။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်မှု ရှိစေမည့် အလားအလာများအား ကန့်သတ်လျက် တာဝန်ယူမှုရှိသော၊ ရေရှည်ခိုင်မာသော အပြုအမူဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ဆောင်ရွက်ရန် ကတိကဝတ်ပြု ဖော်ပြခြင်း။

(င) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ စီမံခန့်ခွဲမှုတွင် ပါဝင်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ သို့မဟုတ် တွဲဖက်လုပ်ကိုင်သူသည် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာအတွေ့အကြုံများနှင့် စဉ်းစား ဆုံးဖြတ်နိုင်စွမ်း ရှိခြင်း။

(စ) ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ငွေကြေးထည့်ဝင်နိုင်ကြောင်း ကတိကဝတ်ပြုခြင်း။

(ဆ) ရင်းနှီးမြှုပ်နှံသူသည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်းကောင်းမွန်ခြင်း။

(ဇ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် အကျိုးသက်ရောက်မည့် ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ထုတ်ပြန်ထားသော အမျိုးသားဖွံ့ဖြိုး တိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု မူဝါဒ ရည်မှန်းချက် များအား ထည့်သွင်းစဉ်းစားလျက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အမျိုးသားဖွံ့ဖြိုး

တိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ခြင်း။

၇၀။ ကော်မရှင်သည် နည်းဥပဒေ ၆၉ နှင့်အညီ အဆိုပြုချက် စိစစ်ရာတွင် -

(က) သတ်မှတ်ချက်အားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး (နည်းဥပဒေ ၆၉ (က) မှ (ဂ) အထိ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် မဖြစ်မနေ ကိုက်ညီရမည့်အပြင်) နည်းဥပဒေ ၆၉ (ဃ) မှ (ဇ) အထိ သတ်မှတ်ချက်များမှ ရင်းနှီးမြှုပ်နှံသူနှင့် အဆိုပြုချက်အတွက် သက်ဆိုင်မှုအရှိဆုံး သတ်မှတ်ချက်အား စဉ်းစားဆုံးဖြတ်ရမည်။

(ခ) မဖြစ်မနေရှိရမည့် သတ်မှတ်ချက်များ ကိုက်ညီမှုရှိမရှိနှင့် မဖြစ်မနေမဟုတ်သော သက်ဆိုင်မှုရှိသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိမရှိ ဆုံးဖြတ်ရမည်။

၇၁။ နည်းဥပဒေ ၆၉ (ဆ) ပါ ပြဋ္ဌာန်းချက်အလို့ငှာ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်းကောင်းမွန်ခြင်း ရှိမရှိ စိစစ်ရာတွင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်ဆောင်ရွက်သည့် သို့မဟုတ် အကျိုးစီးပွားပါဝင်သည့် တွဲဖက်လုပ်ကိုင်သူသည် နိုင်ငံတော်၏ဥပဒေများအရ သို့မဟုတ် သဘာဝပတ်ဝန်းကျင်၊ အလုပ်သမား၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ တရားစီရင်ရေးနယ်ပယ်တွင် ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ဥပဒေဖောက်ဖျက်ခြင်း ရှိမရှိအား (ကန့်သတ်ချက် မရှိဘဲ) ထည့်သွင်းစဉ်းစားနိုင်သည်။

## အခန်း(၉)

## အတည်ပြုလျှောက်ထားလွှာ

၇၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၆ အရ အဆိုပြုချက်တင်သွင်းရန် မလိုအပ်သော ရင်းနှီးမြှုပ်နှံသူများသည် မြေအသုံးပြုခွင့် သို့မဟုတ်/ နှင့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရရှိခံစားလိုပါက အတည်ပြုမိန့် လျှောက်ထားနိုင်သည်။

၇၃။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အတည်ပြုလျှောက်ထားလွှာလျှောက်ထားရမည်-

(က) ရင်းနှီးမြှုပ်နှံသူများ

(ခ) မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည့် လက်အောက်ခံကုမ္ပဏီများ။

၇၄။ သက်ဆိုင်ရာ မြေအသုံးပြုခွင့်လျှောက်ထားလွှာ သို့မဟုတ် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှောက်ထားလွှာအား အတည်ပြုလျှောက်ထားလွှာ နှင့်အတူတကွ တင်ပြလျှောက်ထားရမည်။

၇၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၈ အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ကနဦး အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ထောက်ခံချက်များ၊ ခွင့်ပြုချက်များ၊ လိုင်စင်များ၊ ပါမစ်များ၊ အလားတူစာရွက်စာတမ်းများအား အတည်ပြုလျှောက်ထားလွှာနှင့်အတူ တင်ပြရမည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ပြီးမှလိုအပ်သည့် သို့မဟုတ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလည်ပတ်မှုကိစ္စရပ်များသာ သက်ဆိုင်သည့် ထောက်ခံချက် သို့မဟုတ် အတည်ပြုချက်များအား အတည်ပြုလျှောက်ထားလွှာ တင်ပြပြီးနောက် ရယူနိုင်သည်။

၇၆။ မည်သည့် ဥပဒေကိုမျှ ကန့်သတ်ခြင်းမပြုဘဲ အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်သက်ဆိုင်သော အသုံးအဆောင်တန်ဆာပလာများ၊ ကုန်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းသုံးပစ္စည်းများအား တင်သွင်းနိုင်သည်။ အဆိုပါတင်သွင်းမှုအတွက် သက်ဆိုင်ရာ ဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုချက် လိုအပ်ပါက ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ အခွင့်အာဏာရှိသည့် အဖွဲ့အစည်းထံ လျှောက်ထားခွင့်ရှိပြီး လိုင်စင်ရယူနိုင်သည်။

၇၇။ အတည်ပြုလျှောက်ထားလွှာ တင်ပြပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးများ ပေးသွင်းပြီးပါ က ၎င်းအတည်ပြုလျှောက်ထားလွှာအား လက်ခံနိုင်ခြင်းနှင့် ပြည့်စုံမှု ရှိ/မရှိ ကော်မရှင်ရုံးတွင် (သို့မဟုတ် ကော်မရှင်မှ သတ်မှတ်ထားသည့် အခြားနေရာတွင်) စိစစ်ရမည်။ အတည်ပြုလျှောက်ထားလွှာသည် သတ်မှတ်ချက်များနှင့် ပြည့်စုံသည်ဟု ဆုံးဖြတ်ပါ က ကော်မရှင် အစည်းအဝေးသို့တင်ပြ၍ ( သို့မဟုတ် နည်းဥပဒေ ၈၇ အရ လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် အခွင့်အာဏာရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့) သုံးသပ်နိုင်ရန်နှင့် အတည်ပြုဆုံးဖြတ်နိုင်ရန် ဆက်လက် တင်ပြရမည်။ စိစစ်ခြင်း၊ သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့သည် နည်းဥပဒေ ၈၉ နှင့်အောက်ဖော်ပြပါ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတည်ပြုလွှာစိစစ်ရေး သတ်မှတ်ချက်များနှင့် ဆောင်ရွက်ရမည်။

**အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း**

၇၈။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအား မပြည့်စုံဟုသော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် မပြည့်မီဟုသော်လည်းကောင်း၊ အခြားအခြေနေများအရ အတည်ပြုရန်မသင့်ဟုသော်လည်းကောင်း ယူဆပါက အတည်ပြုချက်အား လက်ခံပြီး အလုပ်ဖွင့်ရက် (၁၅) ရက်အတွင်း ငြင်းပယ်နိုင်သည်။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာတစ်ခုကို ငြင်းပယ်ပါက ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်းနှင့် ငြင်းပယ်ရခြင်း အကြောင်းအရင်းကို ရှင်းလင်းဖော်ပြပြီး အလုပ်ဖွင့်

ရက် (၁၀) ရက်အတွင်း အကြောင်းကြားရမည်။ အကယ်၍ အတည်ပြုလျှောက်ထား လွှာအား ငြင်းပယ်ခြင်း မပြုပါက လက်ခံသည်ဟု မှတ်ယူရမည်။

၇၉။ နည်းဥပဒေ ၈၀ နှင့် ၈၁ အရ အတည်ပြုချက်အား လက်ခံလျှင် သို့မဟုတ် လက်ခံသည်ဟု မှတ်ယူရလျှင် ကော်မရှင်သည် အတည်ပြုချက်အား နောက်ထပ် အလုပ်ဖွင့်ရက် (၆၀) ရက်အတွင်း စိစစ်ခြင်းအား ဆောင်ရွက်ပြီး အတည်ပြုဆုံးဖြတ်ရမည်။

၈၀။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာ စိစစ်ရန်၊ ဆုံးဖြတ်ချက်ချရန် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် အခြားအဖွဲ့အစည်းထံမှ အချက်အလက်များ ထပ်မံလိုအပ်လျှင် နည်းဥပဒေ ၇၉ အရ သတ်မှတ်ထားသည့် အတည်ပြုလျှောက်ထားလွှာ စိစစ်ရေးအချိန်ကာလအား ထပ်မံတိုးမြှင့်နိုင်သည်။ အချိန်သတ်မှတ်မှုသည် ဤနည်းဥပဒေအရ တစ်ကြိမ်ထက်ပို၍ ဆိုင်းငံ့နိုင်ပြီး ဆိုင်းငံ့ထားကြောင်းကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။ နည်းဥပဒေပုဒ်မ ၈၄ အရ နောက်ထပ် အချက်အလက်များ ရရှိသည်နှင့် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်မှ အကြောင်းပြန်ကြားပြီးသည်နှင့် တစ်ပြိုင်နက် အချိန်သတ်မှတ်ချက်အား ပြန်လည်စတင်ရမည်။

၈၁။ ကော်မရှင်အတွင်းရေးမှူး (သို့မဟုတ် ကိုယ်စားလွှဲအပ်ခြင်းခံရသူ) သည် အတည်ပြုလျှောက်ထားလွှာ သို့မဟုတ် *(အတည်ပြုလျှောက်ထားလွှာ နှင့်သက်ဆိုင်သည့်)* အခြားအခြေအနေများသည် ရှုပ်ထွေးသောကြောင့် သို့မဟုတ် အသစ်အဆန်းဖြစ်သောကြောင့် အချိန် သတ်မှတ်ချက် တိုးမြှင့်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအား အကျိုးသက်ရောက်မှုရှိစေသည်ဟု ယူဆပါက နည်းဥပဒေ ၇၉ အရ အတည်ပြုလျှောက်ထားလွှာ စိစစ်သည့်အချိန်ကာလအား ထပ်မံတိုးမြှင့်နိုင်သည်။ အချိန်သတ်မှတ်ချက်အား ဤနည်းဥပဒေအရ တစ်ကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်နိုင်ပြီး သက်တမ်းတိုးမြှင့်ကြောင်းကို ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

၈၂။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအား စဉ်းစားဆွေးနွေးသည့် ကော်မရှင် အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံသူ၏ အခွင့်ရကိုယ်စားလှယ်အား တက်ရောက်စေနိုင်သည်။

၈၃။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူထံမှ အဆိုပြုချက်နှင့်စပ်လျဉ်းသည့် အချက်အလက်များအား စိစစ်မှုလုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ထပ်မံတောင်းခံနိုင်သည်။

၈၄။ ကော်မရှင်က တောင်းဆိုသည့်အချက်အလက်အား ရင်းနှီးမြှုပ်နှံသူသည် တောင်းဆိုခံရသည့် နေ့မှ အလုပ်ဖွင့်ရက် ရက်ပေါင်း(၂၀)အတွင်း သို့မဟုတ် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ထပ်မံတိုးမြှင့်ထားသည့် အချိန်ကာလအတွင်း မပေးနိုင်ပါက လျှောက်လွှာကို ပယ်ချနိုင်သည်။ လျှောက်ထားလွှာ ပျက်ပြယ်လျှင် ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုအား ဆက်လက်ဆောင်ရွက်လိုပါက အတည်ပြု

လျှောက်ထားလွှာကို ထပ်မံတင်ပြရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လျှောက်လွှာကြေးများအား ပေးဆောင် ရမည်။

၈၅။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအား စိစစ်ရာတွင် လိုအပ်ပါက သို့မဟုတ် ဆန္ဒရှိပါက အခြားအာဏာရှိသည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး အခွင့်အာဏာရှိသည့် အဖွဲ့အစည်းများအားလုံးသည် အတည်ပြုလျှောက်ထားလွှာစိစစ်ရန် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးမြောက်စေရန် သက်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အခြားပစ္စည်း အရင်းအမြစ်များအား ထောက်ပံ့ပေးရမည်။

၈၆။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအား ဥပဒေနှင့်မကိုက်ညီကြောင်း သို့မဟုတ် ခွင့်ပြုမိန့်ပေးရန်အတွက် အရည်အချင်းမပြည့်မီကြောင်း ယူဆလျှင် အတည်ပြုလျှောက်ထားလွှာအား အချိန်မရွေး ငြင်းပယ်နိုင်သည်။

၈၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ သန်းအောက် ဖြစ်ပါက အဆိုပြုချက်များအား စိစစ်ရန်အတွက် အခွင့်အာဏာရှိသည့် အဖွဲ့အစည်းအားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအားလည်းကောင်း လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးနိုင်သည်။

၈၈။ ကော်မရှင်သည် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် လမ်းညွှန်ချက်များအား ထပ်မံထုတ်ပြန်နိုင်သည်။

## အတည်ပြုလျှောက်ထားလွှာစိစစ်ရေးအတွက် စံထားသတ်မှတ်ချက်များ

၈၉။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအားလုံးအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅(ဃ) နှင့်အညီ ဥပဒေပုဒ်မ ၃၊ ၄၇ နှင့် ၆၅ ပါ ရည်ရွယ်ချက်များ၊ အခြေခံသဘောတရားများ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများနှင့် ဆက်နွယ်၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊မရှိ စိစစ်၍ အတည်ပြုချက်အား ထုတ်ပေးရန် ဆုံးဖြတ်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်းရှိ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်း နှင့် ရင်းနှီးမြှုပ်နှံခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အတည်ပြုမိန့် လိုအပ်သည့် လုပ်ငန်းဖြစ်ခြင်း။

(ဂ) အဆိုပြုချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ညီညွတ်မှုရှိခြင်း။

(ဃ) လျှောက်ထားလွှာသည် ဥပဒေအရသတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်ခြင်း။

(င)	ရင်းနှီးမြှုပ်နှံသူသည် အတည်ပြုမိန့်ဖြင့် မြေအသုံးပြုခွင့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ခံစားရန် အရည်အချင်းပြည့်မီသူဖြစ်ခြင်း။

၉၀။ ကော်မရှင်သည် အတည်ပြုလျှောက်ထားလွှာအား နည်းဥပဒေ ၈၈ နှင့်အညီ စိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ ဆုံးဖြတ်ရမည်။

၉၀။ နည်းဥပဒေပုဒ်မ ၈၈ နှင့်အညီ အတည်ပြုလျှောက်ထားလွှာအား စိစစ်ရာတွင် ကော်မရှင်သည် သတ်မှတ်ချက်များ ကိုက်ညီခြင်း ရှိ/မရှိ ဆုံးဖြတ်ရမည်။

## အခန်း(၁၀)

## အခွန်ကင်းလွတ်ခွင့်သက်သာခွင့် လျှောက်ထားလွှာ

၉၁။ မည်သည့်ရင်းနှီးမြှုပ်နှံသူမဆို-

(က) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍ သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အတွက် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် အခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အဆိုပြုလျှင်နှင့်၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသူ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်အား လျှောက်ထားဆဲဖြစ်သူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား လျှောက်ထားနိုင်သည်။

၉၂။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာအား အဆိုပြုချက် သို့မဟုတ် အတည်ပြု လျှောက်ထားလွှာနှင့်အတူ တင်ပြလျှောက်ထားနိုင်သည်။ ဥပဒေပုဒ်မ ၇၇ (ဂ) သို့မဟုတ် ပုဒ်မ ၇၈ ပုဒ်မခွဲ (က)အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား နောက်ဆက်တွဲအနေဖြင့်လည်း လျှောက်ထားတင်ပြနိုင်သည်။ ရှင်းလင်းတိကျသော အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား လျှောက်လွှာတွင် သတ်မှတ်ဖော်ပြရမည်။

၉၃။ ဥပဒေပုဒ်မ ၇၅ အရ ပြုလုပ်သော ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာတွင် ရင်းနှီးမြှုပ်နှံသူမှ နည်းဥပဒေပုဒ်မ ၁၀၄ နှင့် အညီ တွက်ချက်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတန်ဖိုး ၆၅ % အထက်အား ရင်းနှီးမြှုပ်နှံထားသည့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေသည့် ဇုန်အကြောင်း ဖော်ပြပါရှိရမည်ဖြစ်ပြီး အခြား အချက်အလက်များ ကိုလည်း လိုအပ်ပါက ပေးအပ်ရမည်။

၉၄။ ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ) အရ အကောက်ခွန်ဖြစ်စေ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေတို့နှင့် သက်ဆိုင်

သောအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလျှင် အခြားအချက်အလက်များတောင်းခံခြင်းကို ကန့်သတ်ခြင်းမပြုဘဲ အောက်ဖော်ပြပါ အချက်အလက်များအား ပေးအပ်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်ရေးအတွက် တင်သွင်းမည့် စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများစာရင်း၊ (ကုန်ပစ္စည်းစာရင်း၏ အသေးစိတ်အား HS Code အခန်းတွင် ပါရှိသည့် ဂဏန်းလေးလုံးဖြင့် ဖော်ပြသည့် HS Code အရ ပေးအပ်ရမည်။)

(ခ) အကောက်ခွန်ဖြစ်စေ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ ပါဝင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် တင်သွင်းမည့် ကုန်ပစ္စည်းများအားလုံး၏ စုစုပေါင်းတန်ဖိုး တွက်ချက်မှု။

## အခန်း(၁၁)

## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာအား စိစစ်သည့် လုပ်ထုံးလုပ်နည်းများ

၉၅။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် စိစစ်ရေးလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့် အထက်ဖော်ပြပါ နည်းဥပဒေများအား လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်၍ စိစစ်မှု၊ သုံးသပ်မှုနှင့် ဆုံးဖြတ်မှုတို့အား နည်းဥပဒေ ပုဒ်မ ၉၈ အရ ပြဋ္ဌာန်းထားသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် စိစစ်ရန် သတ်မှတ်ချက်များနှင့်အညီ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာများ စိစစ်ရာတွင် အသုံးပြုနိုင်သည်။

၉၆။ ကော်မရှင်သည် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ သန်းအောက် လျော့နည်းသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် စိစစ်ရန် ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာကော်မတီ သို့မဟုတ် ကော်မရှင်အတွင်းရေးမှူး သို့မဟုတ် အဆိုပါရည်ရွယ်ချက်အတွက် ကော်မရှင်အရာရှိများဖြင့် ဖွဲ့စည်းသည့် ကော်မတီထံ လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည်။

၉၇။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် လမ်းညွှန်ချက်များအား ထပ်မံချမှတ်နိုင်သည်။

## အခန်း(၁၂)
## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အား စိစစ်ရန် သတ်မှတ်ချက်များ

၉၈။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၄ နှင့်အညီ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာများအား စိစစ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၊ ၄၇ နှင့် ၆၅ အပါအဝင် ဥပဒေ၏ ရည်ရွယ်ချက်များ၊ အခြေခံသဘောတရား၊ အခွင့်အရေးများနှင့် တာဝန်များအား ထည့်သွင်းစဉ်းစားပြီးနောက် လျှောက်ထားသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အတွက် ရင်းနှီးမြှုပ်နှံသူသည် အကျုံးဝင်ခြင်း ရှိ၊မရှိ ဆုံးဖြတ်ရမည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူမှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊မရှိ ထည့်သွင်း စဉ်းစားရမည်-

(က) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်းရှိ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်း နှင့် ရင်းနှီးမြှုပ်နှံခြင်း။

(ခ) အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ညီညွတ်မှုရှိခြင်း။

(ဂ) ရင်းနှီးမြှုပ်နှံမှုသည် အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့်ကဏ္ဍ သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ကြောင်း ထုတ်ပြန်ထားသည့် အခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါရှိခြင်း။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြု မိန့်ရရှိထားခြင်း။

(င) ရင်းနှီးမြှုပ်နှံမှုအား ကော်မရှင်မှ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ဇုန် (၁)၊ ဇုန် (၂) သို့မဟုတ် ဇုန် (၃) (သို့မဟုတ် တစ်ခုထက်ပိုသော ဇုန်)၌ ပြုလုပ်ခြင်း။

(စ) နည်းဥပဒေပုဒ်မ ၁၀၁ မှ ၁၁၁ တွင် ပါဝင်သည့် လိုအပ်ချက်များ သို့မဟုတ် သတ်မှတ် ချက်များ။

(ဆ) ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အတွင်း အလုပ်အကိုင်၊ အခွင့်အလမ်းအသစ်များ ဖန်တီးရာတွင် အထောက်အကူပြု၍ ကျွမ်းကျင်လုပ်သား အင်အား တိုးတက်စေခြင်း။

(ဇ) ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အတွင်း နည်းပညာနှင့် စီးပွားရေးကျွမ်းကျင်မှု အသစ်များ ယူဆောင်လာခြင်း သို့မဟုတ် တွန်းအားပေးခြင်း။

(ဈ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် နိုင်ငံတော်အတွင်း၌ ယှဉ်ပြိုင်မှု၊ စွမ်းဆောင်ရည် မြင့်မားမှု သို့မဟုတ် ကုန်ထုတ်လုပ်မှု ဖြစ်ပေါ်စေခြင်း သို့မဟုတ် ဝန်ဆောင်မှု သို့မဟုတ် အခြေခံအဆောက်အအုံ တွန်းအားပေးခြင်း။

(ည) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေအား တိုးတက်စေခြင်း။

၉၉။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာအား နည်းဥပဒေပုဒ်မ ၉၈ အရ စိစစ်ရာတွင် ကော်မရှင်သည်-

(က) သတ်မှတ်ချက်အားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး (နည်းဥပဒေ ၉၈ (က) မှ (စ) အထိ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် မဖြစ်မနေ ကိုက်ညီရမည့်အပြင်) နည်းဥပဒေ ၆၉ (ဆ) မှ (ည) အထိ သတ်မှတ်ချက်များမှ ရင်းနှီးမြှုပ်နှံသူနှင့် အဆိုပြုချက်အတွက် သက်ဆိုင်မှုအရှိဆုံး သတ်မှတ်ချက်အား စဉ်းစားဆုံးဖြတ်ရမည်။

(ခ) မဖြစ်မနေရှိရမည့် သတ်မှတ်ချက်များ ကိုက်ညီမှုရှိမရှိနှင့် မဖြစ်မနေမဟုတ်သော သက်ဆိုင်မှုရှိသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိမရှိ ဆုံးဖြတ်ရမည်။

၁၀၀။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူမှ လျှောက်ထားသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များအနက်မှ အားလုံး သို့မဟုတ် အချို့အား ခွင့်ပြုနိုင် သို့မဟုတ် ငြင်းပယ်နိုင်ပြီး စည်းမျဉ်းစည်းကမ်းများသတ်မှတ်၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အားလုံး သို့မဟုတ် အချို့အား ခွင့်ပြုနိုင်သည်။

၁၀၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးသည် မည်သည့် ဥပဒေအရ မဆို အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိခံစားပြီးဖြစ်သည့် ကနဦး ရင်းနှီးမြှုပ်နှံမှုအား လွန်ခဲ့သော ၃ နှစ်အတွင်း ရပ်နားခြင်း သို့မဟုတ် သိသာထင်ရှားစွာ လျှော့ချခြင်း ပြုလုပ်ခဲ့ပါက ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးရန် ငြင်းပယ်နိုင်သည်။

၁၀၂။ ခွင့်ပြုသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့် ကဏ္ဍ သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်သည့် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သာ သက်ဆိုင်ပြီး ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီတစ်ခုခုမှ ဆောင်ရွက်သည့် အခြားလုပ်ငန်းများ သို့မဟုတ် ဝင်ငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၀၃။ ရင်းနှီးမြှုပ်နှံသူသည် တစ်ခုထက်ပိုသော ဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတန်ဖိုး၏ ၆၅% အထက်အား -

(က) ဇုန်(၁)တွင် ရင်းနှီးမြှုပ်နှံပါက ဇုန်(၁)တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ရှိသည်ဟု မှတ်ယူရမည်။

(ခ) ဇုန်(၁)နှင့် ဇုန်(၂) တွင် ရင်းနှီးမြှုပ်နှံပါက ဇုန်(၂)တွင် ရင်းနှီးမြှုပ်နှံသည်ဟု မှတ်ယူရမည်။

(ဂ) ဇုန်(၁)၊ ဇုန်(၂) နှင့် ဇုန် (၃) တွင် ရင်းနှီးမြှုပ်နှံပါက ဇုန်(၃)တွင် ရင်းနှီးမြှုပ်နှံသည်ဟု မှတ်ယူရမည်။

၁၀၄။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှု တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အမှန်တကယ် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်း မရှိသော တည်ဆောက်ရေး ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန် ကင်းလွတ်ခွင့်ကိုသာ ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က) နှင့် (ဃ)အရ ခွင့်ပြုပေးနိုင်သည်။

၁၀၅။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က) နှင့် (ဃ) အရ အကောက်ခွန်ကင်းလွတ်ခွင့် ခွင့်ပြုရာတွင် ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု အကောင်အထည် ဖော်ရေးအတွက် တင်းသွင်းသည့် ကုန်ပစ္စည်းစာရင်းသည် မှန်ကန်မှုရှိကြောင်း ရင်းနှီးမြှုပ်နှံသူ ခန့်အပ်ထားသည့် ကန်ထရိုက်တာက အတည်ပြုရမည်ဟု စည်းကမ်းချက်သတ်မှတ်နိုင်သည်။

၁၀၆။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိမည့် မျှော်မှန်းဝင်ငွေ၏ ၈၀% သည် ပို့ကုန်များမှရရှိသော နိုင်ငံခြားငွေဖြစ်မှသာ ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (ခ) အရ အကောက်ခွန်ကင်းလွတ်ခွင့် ပြုရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပို့ကုန်များအတွက် နိုင်ငံခြားငွေဖြင့်ရရှိမည့် ယင်း မျှော်မှန်းငွေ ပမာဏ ထက်ပိုသည့် ဝင်ငွေရာခိုင်နှုန်းအပေါ်တွင် အချိုးကျစနစ်ဖြစ် ခွင့်ပြုနိုင်သည်။

၁၀၇။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (ဂ) အရ ပေးဆောင်ခဲ့သည့် အကောက်ခွန်များအား ပြန်လည်ထုတ်ပေးခွင့်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပို့ကုန်များအတွက် နိုင်ငံခြား ငွေဖြင့်ရရှိသည့် ဝင်ငွေအချိုးအစားအပေါ်တွင်မူတည်၍ ရင်းနှီးမြှုပ်နှံသူကပေးဆောင်ခဲ့သည့် အကောက်ခွန်ပမာဏ တစ်ရပ်လုံးအပေါ်တွင် အခြေခံလျက် အချိုးကျစနစ်ဖြင့် တွက်ချက်ရမည်။ စည်းကြပ်နှစ်အတွင်း ပေးဆောင်ခဲ့သည့် အကောက်ခွန်များအား စည်းကြပ်နှစ် အကုန်တွင် ပြန်လည်ထုတ်ပေးရန် လျှောက် ထားနိုင်သည်။ ပြန်လည်ထုတ်ပေးရာတွင် ရင်းနှီး မြှုပ်နှံသူမှ အနာဂတ်တွင် ပေးဆောင်ရနိုင်သည့် အကောက်ခွန်များနှင့် ခုနှိမ်မည့် အခွန် လျှော့ချမှု ပုံစံဖြင့် ပြန်လည်ထုတ်ပေးနိုင်သည်။

၁၀၈။ ကော်မရှင်သည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (က) အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အား ခွင့်ပြုနိုင်သည်။

(က) ပြန်လည်ရင်းနှီးမြှုပ်နှံသည့် အမြတ်ငွေသည် ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (ခ) ဝင်ငွေခွန် ကင်းလွတ်ခွင့်လျှောက်ထားတောင်းခံခဲ့သည့် စည်းကြပ်နှစ်တွင် ရင်းနှီးမြှုပ်နှံသူမှ ရရှိသည့် ဝင်ငွေများဖြစ်ခြင်း၊

(ခ) ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (ခ) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားတောင်းခံခဲ့သည့် စည်းကြပ်နှစ်ပြီးနောက် ကပ်လျက် စည်းကြပ်နှစ်တွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊

(ဂ) မတည်ပစ္စည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် အလားတူသက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ဝင်ငွေများ သို့မဟုတ် ကုန်ထုတ်စွမ်းအားတိုးမြှင့်စေရန် ရည်ရွယ်ချက်အတွက် အခြားကုန်ကျစရိတ်အဖြစ် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ ဤကိစ္စ

ရပ်တွင် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ်များပေးချေမှုအား ဤနည်းဥပဒေ ပုဒ်မခွဲအရ အမြတ်ငွေများ ပြန်လည်ရင်းနှီးမြှုပ်နှံမှုဟု မှတ်ယူခြင်းမပြုရ၊

(ဃ) ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (ခ) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထား တောင်းခံခဲ့သည့် စည်းကြပ်နှစ်အတွင်း ပေးဆောင်ရမည့် ဝင်ငွေခွန်များနှင့် အခြား အခွန်အခများအား နည်းလမ်းတကျ ပေးဆောင်ခြင်း။

၁၀၉။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား နိုင်ငံတော်၏ သက်ဆိုင်ရာ ဥပဒေများအရ ခွင့်ပြုထားသည့်နှုန်းထား သို့မဟုတ် အခါ အားလျော်စွာ သတ်မှတ်မည့် နှုန်းထားတစ်ရပ်၏ ၁.၅ ဆနှင့် တူညီသည့် ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းထားဖြင့် ရင်းနှီးမြှုပ်နှံသူမှ ပိုင်ဆိုင်သည့် မတည်ပစ္စည်းများအား တွက်ချက်ခံစားခွင့် ပြုနိုင်သည်။

၁၁၀။ ကော်မရှင်သည် အောက်ဖော်ပြပါ အခြေအနေများတွင် ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (ဂ) အရ ရင်းနှီးမြှုပ်နှံသူအား သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်ပြုနိုင်သည်။

(က) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်အတွင်း၌ ဆောင်ရွက်ခြင်း၊

(ခ) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်သာ သက်ဆိုင်ခြင်း၊

(ဂ) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ခြင်း၊

(ဃ) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်၏ သက်ဆိုင်ရာ စာရင်းအင်းစံနှုန်းများနှင့် အညီ အသိအမှတ်ပြုထားခြင်း။

၁၁၁။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (ဂ) အရ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်အပါအဝင် အခွန်ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့်အား အသုံးပြုရန် သို့မဟုတ် စီမံခန့်ခွဲရန် လုပ်ငန်းစဉ် သို့မဟုတ် ပမာဏနှင့်သက်ဆိုင်သော ကန့်သတ်ချက်များ သို့မဟုတ် သတ်မှတ်ချက်များ ထပ်မံချမှတ် နိုင်သည်။

## အခန်း(၁၃)

## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာများနှင့် ခွင့်ပြုချက်များနှင့် သက်ဆိုင်ကိစ္စရပ်များ

၁၁၂။ ဥပဒေပုဒ်မ ၇၅ အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်သည် ရင်းနှီးမြှုပ်နှံသူမှ စီးပွားဖြစ်စတင်သောနှစ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ အခွန်စည်းကြပ်နိုင်သည့် ဝင်ငွေရရှိသောနှစ်၊ ယင်းတို့ အနက် စောသည့်နှစ်မှ စတင်နိုင်သည်။

၁၁၃။ ဥပဒေပုဒ်မ ၇၅ အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတန်ဖိုး၏ ၆၅% အထက် ရင်းနှီးမြှုပ်နှံထားသည့် ဇုန်(များ) တွင် သုံးနှစ်မှ ငါးနှစ်အထိ လုပ်ငန်း ဆောင်ရွက်ပြီးနောက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုခြင်းအား ပြန်လည် စိစစ်ရန် နှင့် ဇုန်(များ)

တွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုစဉ် အချိန်တွင် စိစစ်သည့် တန်ဖိုးနှင့်ကွဲလွဲလျှင် ကော်မရှင်သည် အမှန် တကယ်ရင်းနှီးမြှုပ်နှံသည့် ဇုန်အပေါ်မူတည်၍ နည်းဥပဒေပုဒ်မ ၁၀၃ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့်အညီ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အား ပြင်ဆင်နိုင်သည်။ ပြန်လည်စိစစ်မှုမှန်သမျှသည် နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်စေနိုင်ပြီး ပြန်လည် စိစစ်မှုအရ ရင်းနှီးမြှုပ်နှံသူသည် ခံစားခွင့်ရှိသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပမာဏ ထက်ပို၍ ခံစားရရှိထားကြောင်းတွေ့ရှိလျှင် အဆိုပါပမာဏအတွက် အခွန်ပေးဆောင်ရန် တာဝန်ရှိသည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ကပ်လျက်စည်းကြပ်နှစ်တွင် ပေးဆောင်ရမည်။ ပြန်လည်စိစစ်မှုအရ ရင်းနှီးမြှုပ်နှံသူသည် ခံစားခွင့်ရှိသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပမာဏအောက်လျော့နည်းစွာ ခံစားရရှိထားကြောင်း တွေ့ရှိလျှင် ညှိနှိုင်းမှုတစ်စုံတစ်ရာ ပြုလုပ်ပေးမည်မဟုတ်ပါ။

၁၁၄။ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုတည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်ရေးအတွက် ကုန်ပစ္စည်းများတင်သွင်းရန် လိုအပ်လျှင် ကန်ထရိုက်တာသည် ကုန်ပစ္စည်းများ တင်သွင်းပြီးနောက် ကုန်ပစ္စည်းများပိုင်ဆိုင်ခွင့်အား ရင်းနှီးမြှုပ်နှံသူထံ လွှဲအပ်ရမည်ဖြစ်ပြီး ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူ၏ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်စာရင်းတွင် ကန်ထရိုက်တာအားထည့်သွင်း၍ ရင်းနှီးမြှုပ်နှံမှုအတွက် ကုန်ပစ္စည်းများတင်သွင်းရာတွင် ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က)နှင့် (ဃ)အရ အကောက်ခွန် ကင်းလွတ်ခွင့်ရရှိခံစားစေနိုင်သည်။

၁၁၅။ ကော်မရှင်မှကြိုတင်ခွင့်ပြုထားခြင်းမရှိဘဲ ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က)နှင့် (ဃ)အရ အကောက်ခွန် ကင်းလွတ်ခွင့်အပါအဝင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိထားသည့် စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများအား ရင်းနှီးမြှုပ်နှံမှုတည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် မဟုတ်ဘဲ အခြားရည်ရွယ်ချက်တစ်ခုခုအတွက် အသုံးပြုလျှင်ရင်းနှီးမြှုပ်နှံသူသည်ကျသင့်သည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ ကန်ထရိုက်တာသည်သက်ဆိုင်ရာ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်စာရင်းတွင် ပါဝင်လျှင် ဤနည်းဥပဒေအရ ပေးဆောင်ရမည့် အကောက်ခွန်များကို ရင်းနှီးမြှုပ်နှံသူနှင့်အတူ ပူးတွဲပေးဆောင်ရမည်။

၁၁၆။ ကော်မရှင်သည် ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က)နှင့် (ဃ)အရ အကောက်ခွန်ကင်းလွတ်ခွင့်မပြုမီ တင်သွင်းမည့် ကုန်ပစ္စည်းများသည် ရင်းနှီးမြှုပ်နှံမှုတည်ဆောက်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် အမှန်တကယ်လိုအပ်ခြင်း ရှိ/မရှိ စိစစ်ရမည်။

၁၁၇။ ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (ခ)အရ အကောက်ခွန်ကင်းလွတ်ခွင့်ပြုပြီး စည်းကြပ်နှစ်အတွင်း ပို့ကုန်များမှ အမှန်တကယ်ရရှိသည့် နိုင်ငံခြားငွေကြေးသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာတွင် ဖော်ပြထားသည့် မျှော်မှန်းဝင်ငွေအောက်လျော့နည်းသော်လည်း

ရရှိသည့်ဝင်ငွေ၏ ၈၀ %အထက် ဖြစ်လျှင် အကောက်ခွန် ကင်းလွတ်ခွင့်အား ယင်းအချိန်ကာလ အတွင်း ပို့ကုန်များမှအမှန်တကယ်ရရှိခဲ့သည့်ဝင်ငွေအပေါ်တွင် အခြေခံ၍ အချိုးကျလျှော့ချမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အရ မှားယွင်းကင်းလွတ်ခွင့်ပြုခဲ့ သည့် ပို့လျှံသည့် အကောက်ခွန်ပမာဏအား ပြန်လည်ပေးဆောင်ရမည်။

၁၁၈။ ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (ခ) အရ အကောက်ခွန်ကင်းလွတ်ခွင့်ပြုပြီး စည်းကြပ်နှစ်အတွင်း ပို့ကုန်များမှ အမှန်တကယ်ရရှိသည့် နိုင်ငံခြားငွေကြေးသည် ဝင်ငွေ၏ ၈၀% အောက်ဖြစ်လျှင် ရင်းနှီး မြှုပ်နှံသူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အရ အကောက်ခွန် ကင်းလွတ်ခွင့် ရရှိပြီးဖြစ်ပါက ပေးဆောင်ရှိသည့် အကောက်ခွန်များအားလုံးကို ပြန်လည်ပေးဆောင်ရမည်။

၁၁၉။ ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(ခ)အရ သတ်မှတ်အချိန်ကာလထက်လျော့နည်းသော ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းထားဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိလျှင် ရင်းနှီးမြှုပ်နှံသူသည် စီးပွားဖြစ် စတင်သောနှစ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ အခွန်စည်းကြပ်နိုင်သည့် ဝင်ငွေရရှိ သောနှစ်၊ ယင်းတို့အနက်စောသည့်နှစ်မှစ၍ အဆိုပါပစ္စည်းတန်ဖိုးလျော့တွက်နှုန်းထားအား အသုံး ပြုရမည်။

## အခန်း(၁၄)
## မြေအသုံးပြုခွင့် လျှောက်ထားလွှာ

၁၂၀။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုချက် ရရှိပြီးသော ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုချက် လျှောက်ထားဆဲဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုပြုရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် မြေအသုံးပြုခွင့်ဆိုင်ရာ အခွင့်အရေးများကို လျှောက်ထားနိုင်သည်။

၁၂၁။ မြေအသုံးပြုခွင့်လျှောက်ထားလွှာကို လျှောက်ထားရာတွင် အဆိုပြုချက် သို့မဟုတ် အတည်ပြု လျှောက်ထားလွှာများနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၂၂။ မြေအသုံးပြုခွင့် လျှောက်ထားလွှာတွင် အောက်ဖော်ပြပါ အချက်အလက်များအပြင် အခြား လိုအပ်သော အချက်အလက်များကိုလည်း တောင်းခံနိုင်သည်-

(က) မြေ သို့မဟုတ် အဆောက်အအုံများ၏ ဧရိယာ၊ အမျိုးအစားနှင့် တည်နေရာ၊

(ခ) မြေ သို့မဟုတ် အဆောက်အအုံများ၏ ပိုင်ရှင် (များ) နှင့်စပ်လျဉ်းသည့် အချက်အလက် များ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် မြေအသုံးချမှု ပြောင်းလဲခြင်းအတွက် အဆိုပြုချက်အား အတည်ပြုပေးမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် အခြား

အခွင့်အာဏာရှိသည့် အဖွဲ့အစည်းထံမှ ရယူသည့် ထောက်ခံစာ သို့မဟုတ် အလားတူ စာရွက်စာတမ်း သို့မဟုတ် ခွင့်ပြုချက်၊

(ဃ) ရင်းနှီးမြှုပ်နှံသူများမှ အဆိုပြုထားသည့် မြေအသုံးပြုခွင့်သည် ဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ (စ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြေ၏ သဘာဝ မြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲရန် လိုအပ်ခြင်းရှိ/မရှိ၊

(င) လျှောက်ထားသည့် မြေအသုံးပြုခွင့်ကာလ (ဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (စ) အရ မြေငှားရမ်းခွင့် ကာလသည် ကနဦး နှစ် ၅၀ ထက် မကျော်လွန်ရ၊ တစ်ကြိမ်လျှင် ၁၀ နှစ်ဖြင့် တစ်ဆက်တည်း နှစ်ကြိမ်ထက် မကျော်လွန်ဘဲ သက်တမ်း တိုးမြှင့်နိုင်သည်။)

## အခန်း(၁၅)
## မြေအသုံးပြုခွင့်လျှောက်ထားလွှာ စိစစ်ရေးလုပ်ထုံးလုပ်နည်းများ

၁၂၃။ အထက်တွင် ဖော်ပြထားသည့် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် စိစစ်ရေးလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့် နည်းဥပဒေများအား လိုအပ်သလို ပြောင်းလဲပြင်ဆင်၍ မြေအသုံးပြုခွင့် လျှောက်ထားလွှာများ စိစစ်ရာတွင် အလားတူ စိစစ်ရေးလုပ်ငန်းစဉ်ကို အသုံးပြုရမည်။ နည်းဥပဒေ ပုဒ်မ ၁၂၆ တွင် ဖော်ပြထားသည့် မြေအသုံးပြုခွင့် စိစစ်ရန် စံသတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ထားသည့် စိစစ်ချက်၊ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တို့ကို သိမ်းဆည်းထားရမည်။

၁၂၄။ ကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ သို့မဟုတ် ကော်မရှင်ရုံးမှ အနိမ့်ဆုံးညွှန်ကြားရေးမှူးရာထူးအဆင့်ရှိသူ အရာရှိတစ်ဦးဦး သို့မဟုတ် အဆိုပါ ရည်ရွယ်ချက်အတွက် ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် ကော်မရှင် အရာရှိများထံ မြေအသုံးပြုခွင့် လျှောက်ထားလွှာစိစစ်ခြင်းအခွင့်အာဏာကို လုပ်ပိုင်ခွင့် ခွဲဝေလွှဲအပ်နိုင်သည်။

၁၂၅။ ကော်မရှင်သည် မြေအသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် နောက်ထပ် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း(၁၆)
## မြေအသုံးပြုခွင့် စိစစ်ရန်စံသတ်မှတ်ချက်များ

၁၂၆။ ကော်မရှင်သည် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဃ) နှင့်အညီ မြေအသုံးပြုခွင့်အတွက် တင်ပြသည့် လျှောက်ထားလွှာတိုင်းအား စိစစ်ရမည်ဖြစ်ပြီး ဥပဒေ ပုဒ်မ ၃၊ ၄၇ နှင့် ၆၅ အပါအဝင် ဥပဒေ၏ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ အခွင့်အရေးများနှင့် တာဝန်ရှိမှုများအား ထည့်သွင်း စဉ်းစားပြီး နောက်

မြေအသုံးပြုခွင့်ကို ထုတ်ပေးရန် သင့်၊မသင့် ဆုံးဖြတ်ရမည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အောက်ဖော်ပြပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊မရှိ ထည့်သွင်းစဉ်းစားရမည်-

(က) နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံသူမှ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊

(ခ) ဤဥပဒေနှင့်အညီ မြေအသုံးပြုခွင့်ဆိုင်ရာ လျှောက်ထားလွှာကို တင်ပြလျှောက်ထားခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူမှ ရရှိထားခြင်း သို့မဟုတ် ခွင့်ပြုပြီးဖြစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် အသုံးပြုခွင့် လျှောက်ထားသည့် မြေအပေါ်တွင် လက်ရှိအချိန်တွင်ဖြစ်စေ၊ အသုံးချမှု ပြောင်းလဲပြီးနောက် သို့မဟုတ် တူညီသည့် ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အား ပြီးမြောက်အောင် ဆောင်ရွက်ပြီးနောက်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရည်ရွယ်ချက်အတွက် အသုံးပြုနိုင်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူမှ အသုံးပြုရန် အဆိုပြုထားသည့် မြေ၏ သဘာဝ မြေမျက်နှာ သွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲရန် လိုအပ်ခြင်း သို့မဟုတ် ပြောင်းလဲရန် ဖြစ်တန်ရာခြေရှိခြင်း၊ ယင်းသို့ ပြောင်းလဲခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်တွင် ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေ နိုင်ပြီး ဆိုးကျိုးများအား ကျိုးကြောင်း သင့်လျော်စွာ လျှော့ချ၍ မရခြင်းဖြစ်စေ။

၁၂၇။ နည်းဥပဒေပုဒ်မ ၁၂၆ နှင့်အညီ မြေအသုံးပြုခွင့် လျှောက်ထားလွှာအား စိစစ်ရာတွင် ကော်မရှင်သည် သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ ဆုံးဖြတ်ရမည်။

၁၂၈။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားသည့် မြေအသုံးပြုခွင့် အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။ လျှောက်ထားသည့်အချိန်တွင် အပြည့်အဝ သိရှိခြင်းမရှိသော်လည်း တဖြည်းဖြည်းသိရှိလာမည့် နည်းဥပဒေ ၁၂၂ တွင် ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မရှင်ထံသို့ အကြောင်းကြားရမည့် စည်းကမ်းချက်များအပါအဝင် စည်းကမ်းချက်များကို လိုက်နာ၍ မြေအသုံးပြုခွင့်အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ခွင့်ပြုနိုင်သည်။

## အခန်း(၁၇)
## မြေအသုံးပြုခွင့်လျှောက်ထားခြင်းနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်းတို့နှင့်သက်ဆိုင်သည့် အခြားကိစ္စရပ်များ

၁၂၉။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာဥပဒေများနှင့် ကော်မရှင်မှ သတ်မှတ်သည့် အခြေအနေများအား အရ မြေအသုံးပြုခွင့် ရရှိပြီးသည့်အခါ မြေအသုံးပြုခွင့်တွင် ဖော်ပြပါ ရှိသည့် အခွင့်အရေးများအား စတင်ခံစားနိုင်သည်။ သက်ဆိုင်ရာ အခွင့်အာဏာရှိသည့် အဖွဲ့အစည်းသည် ဤနည်းဥပဒေအား အကျိုးသက်ရောက်စေရန် ဆောင်ရွက်ပေးရမည်။

၁၃၀။ သက်ဆိုင်ရာဥပဒေများနှင့်ကော်မရှင်မှ ချမှတ်သည့် စည်းကမ်းများကို လိုက်နာရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ဖော်ပြသည့်အတိုင်း မြေအသုံးပြုခွင့်ပေးနိုင်ရန် မြေအသုံးချမှု ပြောင်းလဲ ရန်လိုအပ်လျှင် သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အား ပြီးမြောက်အောင် ဆောင်ရွက်ရန်လိုအပ်လျှင်ဖြစ်စေ အသုံးချမှု ပြောင်းလဲခြင်းအတွက် အဆိုပြုချက်အား အတည်ပြုပေးမည့် တိုင်းဒေသကြီး အစိုးရ သို့မဟုတ် ပြည်နယ် သို့မဟုတ် အခြားအခွင့် အာဏာရှိသည့် အဖွဲ့အစည်းထံမှ ထောက်ခံစာ သို့မဟုတ် အလားတူ စာရွက်စာတမ်း သို့မဟုတ် အခြားအခွင့်အာဏာရှိသည့် အဖွဲ့အစည်းထံမှ ထောက်ခံစာ သို့မဟုတ် အလားတူ စာရွက် စာတမ်း သို့မဟုတ် ခွင့်ပြုချက်ရယူရန် လိုအပ်လျှင်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေနှင့်အညီ မြေအသုံးချမှု ပြောင်းလဲခြင်း လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အခွင့်အာဏာရှိသည့် အဖွဲ့အစည်းသည် ဤနည်းဥပဒေအား အကျိုးသက်ရောက် စေရန် ဆောင်ရွက်ပေးရမည်။

## အခန်း(၁၈)
## လျှောက်ထားလွှာများအား ခွင့်ပြုချက်ပေးခြင်း

၁၃၁။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ အခွင့်အာဏာလွှဲအပ်ခံထားရသည့် အခွင့်အာဏာပိုင် အဖွဲ့အစည်းမှ လျှောက်ထားလွှာအား အတည်ပြုပြီးသည့်အခါ ဥပဒေနှင့် ဤနည်းဥပဒေများအရ ခွင့်ပြုချက်ကို ထုတ်ပေးရမည်။ ခွင့်ပြုချက်ကို လျှောက်ထားလွှာအား အတည်ပြုသည့်နေ့မှစ၍ အလုပ်ဖွင့်ရက် (၁၀) ရက်အတွင်း ထုတ်ပေးရမည်။

၁၃၂။ ခွင့်ပြုချက်ကို ရင်းနှီးမြှုပ်နှံသူ နှင့် လျှောက်ထားလွှာတွင် ပါဝင်သည့်လက်အောက်ခံကုမ္ပဏီ သို့မဟုတ် သက်ဆိုင်သည့် လျှောက်ထားသူအား ခွင့်ပြုပေးနိုင်သည်။

၁၃၃။ အခြားနည်းဥပဒေများအား ကန့်သတ်ခြင်းမရှိဘဲ ခွင့်ပြုချက်သည်-

(က) ကော်မရှင် သို့မဟုတ် အာဏာခွဲဝေထားသော သက်ဆိုင်ရာအဖွဲ့အစည်းမှ သင့်လျော်သည်ဟု သတ်မှတ်သောစည်းကမ်းချက်အရ သို့မဟုတ် စည်းကမ်းချက်မသတ်မှတ်ဘဲ သော်လည်းကောင်း၊

(ခ) နောက်ကြောင်းပြန်အာဏာသက်ရောက်၍ သော်လည်းကောင်း ပေးအပ်နိုင်သည်။

၁၃၄။ အခြားနည်းဥပဒေများအား ကန့်သတ်ခြင်းမရှိဘဲ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ခွင့်ပြုချက်ကို -

(က) အဆိုပြုထားသော သို့မဟုတ် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများနှင့်ပတ်သက်၍ ခွင့်ပြုနိုင်သည်၊

(ဂ) ခံဝန်ကတိဖြင့် ပေးချေမှုပြုလုပ်ခြင်းနှင့်အညီ ခွင့်ပြုနိုင်သည်၊

(ဃ) သတ်မှတ်ထားသည့် အချိန်ကာလအတွက် ခွင့်ပြုနိုင်သည်၊ သို့မဟုတ်

(င) အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ခွင့်ပြုနိုင်သည်။

၁၃၅။ ဥပဒေနှင့်အညီ ကော်မရှင်မှ ထုတ်ပေးသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်သည် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မှ အကျိုးခံစားခွင့်ရရှိရန် ရင်းနှီးမြှုပ်နှံသူကို ခွင့်ပြုခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၅ နှင့် ၇၈ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အကျိုးကျေးဇူးကို မခံစားမီ သက်ဆိုင်သည့် အခွန်စည်းကြပ်နှစ်အတွက် အခွန်စည်းကြပ်မှု ခံယူရန် ပြည်တွင်းအခွန်များဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနသည် လျှောက်လွှာအား လက်ခံရမည်။

၁၃၆။ ဥပဒေပုဒ်မ ၇၅ နှင့် ၇၈ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အကျိုးကျေးဇူး ခံစားနေသည့် ရင်းနှီးမြှုပ်နှံသူအပေါ် အခွန်စည်းကြပ်ရန် အကဲဖြတ်သုံးသပ်ရာ၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံသူသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်နှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်များနှင့် ရင်းနှီးမြှုပ်နှံသူကို ခွင့်ပြုပေးထားသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာခြင်းရှိ/မရှိ ပြန်လှန်ဆန်းစစ် သုံးသပ်ရမည်။

၁၃၇။ ရင်းနှီးမြှုပ်နှံသူသည် လိမ်လည်၍သော် လည်းကောင်း၊ တမင်မမှန်မကန်ဖော်ပြ၍သော် လည်းကောင်း ခွင့်ပြုချက်ကို ရယူခဲ့ကြောင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား လျှောက်ထားလွှာနှင့်အညီ ဆောင်ရွက်ခြင်းမရှိဟု ထင်မြင်ယူဆပါက ကော်မရှင်သည် ခွင့်ပြုချက်ကို ရုတ်သိမ်းနိုင်သည်။

၁၃၈။ အခြားနည်းဥပဒေများအပေါ် အား ကန့်သတ်ခြင်းမရှိစေဘဲ ကော်မရှင်သည်-

(က) ရင်းနှီးမြှုပ်နှံသူ၏ သဘောတူညီမှုဖြင့် ဥပဒေအရ ပေးအပ်ထားသည့် ခွင့်ပြုချက်ကို ပြောင်းလဲနိုင်သည်၊

(ခ) ရင်းနှီးမြှုပ်နှံသူ၏ သဘောတူညီမှုဖြင့် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ပြောင်းလဲနိုင်သည် သို့မဟုတ် ထပ်မံထည့်သွင်းနိုင်သည်၊

(ဂ) ခွင့်ပြုချက်ပါ စည်းကမ်းချက် တစ်စုံတစ်ရာကို ရုတ်သိမ်းနိုင်သည်။

ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုချက် ပြောင်းလဲရန် သို့မဟုတ် ခွင့်ပြုချက်၏ အခြေအနေတစ်ရပ်ရပ်အား ပြောင်းလဲရန်အတွက် လျှောက်ထားလွှာအား လျှောက်လွှာကြေးပေးသွင်းကာ စာဖြင့် ရေးသား၍ ကော်မရှင်ထံ အကြောင်းကြား တင်ပြနိုင်သည်။

၁၃၉။ ခွင့်ပြုချက်တွင် ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ အောက်ဖော်ပြပါ အချက်များသည် ခွင့်ပြုချက်တိုင်း၏ စည်းကမ်းချက်ဖြစ်သည်-

(က) ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်သို့ လျှောက်ထားလွှာတင်ပြစဉ်က ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိရမည်။

(ခ) လိုက်နာမှုအား ကျိုးကြောင်းသင့်လျော်စွာ ကင်းလွတ်ခွင့်ပြုထားသည်မှတစ်ပါး ရင်းနှီးမြှုပ်နှံသူနှင့် လျှောက်ထားသူ တစ်ဦးချင်းစီသည် လျှောက်ထားလွှာအား အထောက်အကူပြုစေရန် တင်ပြခဲ့သည့် တင်ပြချက်များနှင့် အစီအစဉ်များကို လိုက်နာရမည်။

(ဂ) ခွင့်ပြုချက်အား သက်ဆိုင်ရာဥပဒေများအားလုံးကို စဉ်ဆက်မပြတ် လိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုချက်အား ထုတ်ပေးရမည်။